# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## ကာကွယ်ဆေးများ အဆက်မပြတ်ရရှိစေရေး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ မပြတ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

မြန်မာ့အလင်း

# အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိခြင်း၊ လွတ်လပ်ပြီးတရားမျှတမှုမရှိသည့် ရွေးကောက်ပွဲဖြစ်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရခြင်းတို့ကြောင့် အဆိုပါရွေးကောက်ပွဲ၏ ရလဒ်များကို ပယ်ဖျက်ခဲ့ပြီး ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အခြေခံကျပြီး အရေးကြီးလှသည့်အလျောက် တရားမျှတမှုရှိရေး၊ မသမာမှုများကင်းစင်ရေး၊ ဟန်ပြရုပ်ပြမျှသာမဖြစ်စေရေး၊ ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ထင်ဟပ်နိုင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြရသည်။ လွတ်လပ်သန့်ရှင်းသော၊ တရားမျှတသော ရွေးကောက်ပွဲတစ်ခုအတွက် စံနှုန်းများသတ်မှတ်ထားရာ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အာဏာရပါတီနှင့် အစိုးရအဖွဲ့၏ ဩဇာလွှမ်းမိုးမှုအောက် ကျရောက်နေခဲ့ခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တို့တွင်လည်း အာဏာရပါတီ၏ အမာခံလူများ ထည့်သွင်းဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲတွင် မိမိပါတီအောင်ပွဲခံရေး ဘက်လိုက်ဆောင်ရွက်ခဲ့ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ လူထုအစည်းအဝေး ကျင်းပခြင်းတို့ကို ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ ကန့်သတ်တားဆီးမှုများကြောင့် အခြားပါတီများကမပြုလုပ်နိုင်ခဲ့ဘဲ အာဏာရပါတီနှင့် အစိုးရအဖွဲ့တို့မှာ လုပ်ပိုင်ခွင့်ကို အသုံးချပြီး ဆောင်ရွက်ခဲ့ကြခြင်း၊ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် မဲဆွယ်ဟောပြောမှုများတွင်လည်း ရွေးကောက်ပွဲကော်မရှင်၏ ဆင်ဆာတည်းဖြတ်မှုများ ပြုလုပ်ခဲ့ခြင်းစသည်ဖြင့် တရားမျှတသော ရွေးကောက်ပွဲစံနှုန်းများ ကျိုးပေါက်ခဲ့သည်။

အရေးကြီးသည့် အချက်တစ်ရပ်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ၄၉ သိန်းခန့် မဲပေးခဲ့ခြင်းပင် ဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့် အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်စုံမှသာ မဲပေးခွင့်ရရှိမည်ဖြစ်ရာ (၁) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ။ (၂) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ။ (၃) သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ၏ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူဆိုသည့် အချက်သုံးချက်နှင့် ပြည့်စုံရမည်ဖြစ်သည်။ ယင်းအတွက် ခိုင်ခိုင်မာမာပြနိုင်သည့် အထောက်အထားမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားပင် ဖြစ်သည်။

"ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူတိုင်း မိမိရဲ့ဆန္ဒအတိုင်း မဲပေးခွင့်ရရှိဖို့ ဦးစားပေးဆောင်ရွက်မှာဖြစ်လို့ နိုင်ငံသားစိစစ်ရေးကတ်ရှိရမယ့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ဖို့ ကျွန်တော်တို့ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ အစီရင်ခံချက်အရ တစ်နေ့ကို ဦးရေ ၃၀၀ နှုန်းနဲ့ လုပ်ဆောင်နိုင်ရင် ၁၈ လခန့် ကြာမြင့်နိုင်ပါတယ်။ မြန်ဆန်နိုင်သမျှ မြန်ဆန်အောင် ဆောင်ရွက်လျက်ရှိပါတယ်" ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ရှိရမည့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် ပြည်သူအပိုင်းကရော သက်ဆိုင်ရာဌာနအပိုင်းကပါ အလေးအနက် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပရေးအတွက် အရေးပေါ်ကာလသည် အကန့်အသတ်နှင့်ဖြစ်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးကြရမှာဖြစ်သည်။ ပြည်သူများ၏ ဆန္ဒဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ပေါ်လာရေး၊ လွတ်လပ်သန့်ရှင်း၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် အခြေအနေများ ဖန်တီးတည်ဆောက်ရေးတို့ကို သမိုင်းပေးတာဝန်များအဖြစ် ရှုမြင်၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် COVID – 19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်–

**(က) COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**
ငင်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့် ညီမျှသော အမေရိကန်ဒေါ်လာသန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

**(ခ) COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**
ငင်းစာရင်းတွင် နိုင်ငံတော်မှမတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ COVID–19 ကာကွယ် ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်း ပုဂ္ဂလိကဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇–၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉–၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇–၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉–၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် COVID–19 ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဩဂုတ်လ ၂ ရက်နေ့မှ ဩဂုတ်လ ၈ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း COVID–19 ရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါး/ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းတင်သွင်းခြင်းကိစ္စရပ်များအား(ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးကြီးနိုင်မည့် အခြေအနေ

နေပြည်တော် ဩဂုတ် ၂

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

## ကျောက်တံတားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထိပ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျောက်တံတားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် သူနာပြုဆရာမများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျောက်တံတားမြို့နယ် (၁)ရပ်ကွက်ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၀ ကို စတင်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာပါက ဆက်လက်တိုးမြှင့်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်တံတားမြို့နယ်တွင် ရပ်ကွက်ပေါင်း ကိုးရပ်ကွက်ရှိပြီး



နေ့စဉ်ကျန်ရှိနေသော ရပ်ကွက်များအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံသွားမည်ဖြစ်ရာ ကာကွယ်ဆေးထိုးရန် ဦးတည်အုပ်စုများဖြစ်သော အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်မြို့နယ်အတွင်းရှိ စေတနာလူမှုကူညီရေးအသင်းများမှ လုပ်အားပေးစေတနာ့ဝန်ထမ်းများ စုစုပေါင်း သုံးသောင်းကျော်အား ဦးစားပေးအလိုက် ထိုးနှံပေးမည်ဖြစ်သည်။

**အာကာလင်း၊ ဓာတ်ပုံ–အောင်မြင့်**

# ❖ ကာကွယ်ဆေးများ အဆက်မပြတ် ရောက်ရှိလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ချက်များနှင့်အညီ ထိုးနှံပေးရမည်၊ ဆေးမထိုးခင်နှင့် ဆေးထိုးပြီး လုပ်ဆောင်ရန် လိုအပ်သည်များ၊ လိုက်နာရန်လိုအပ်သည်များနှင့် ဒုတိယအကြိမ်ထပ်မံထိုးနှံရမည့် ကာလတို့ကို တိကျစွာသိရှိနိုင်ရေး ဆောင်ရွက်ပေးရမည်၊ ကာကွယ်ဆေးများ တင်သွင်းမှာယူခြင်းသာမက မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက်လည်း လုပ်ဆောင်လျက်ရှိ

❑ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် “ကျွန်တော်တို့ ကိုဗစ်အစည်းအဝေး ပြုလုပ်လာတာ ကျွန်တော် ဦးဆောင်ပြီး လုပ်တာတော့ အစည်းအဝေး (၆)ကြိမ်မြောက်ဖြစ်သွားပြီ။ လုပ်ငန်းလည်း တော်တော်လေး အရှိန်အဟုန်နဲ့ လုပ်နိုင်တဲ့အတွက်ကြောင့် ကိုဗစ်နဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ အတိုင်းအတာ တစ်ခုအထိတော့ ထိန်းထားနိုင်တာ တွေ့တယ်။ ပြည်နယ်နဲ့ တိုင်းတွေအလိုက် ဆောင်ရွက်နိုင်တာတွေ ကျွန်တော်တို့ တွေ့ပါတယ်။ Monitor လည်း တောက်လျှောက်လုပ်နေတာပေါ့။ ကြားထဲမှာလည်း ဒုတပ်ချုပ်၊ ဒုဥက္ကဋ္ဌ ဦးဆောင်တဲ့ ကော်မတီကလည်းတောက်လျှောက်ကို အနီးကပ် မှာကြားပေးနေတဲ့အတွက်ကြောင့် နေ့စဉ်နှင့် အမျှပေါ့၊ ဒါတွေ အားလုံးကလည်း ဖြေရှင်းဆောင်ရွက် ပေးနေတဲ့အတွက်ကြောင့် အောင်မြင်မှုတွေ၊ အဆင်ပြေမှုတွေလည်းရှိပါတယ်။ သို့သော် အားလုံးပြီးပြည့်စုံပြီလား ဆိုတော့လည်း ပြီးပြည့်စုံပြီတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဇူလိုင်လကနေ စပြီးတော့ ဒုတိယပတ် ပြီးတဲ့အချိန်ကနေစပြီးတော့ ကိုဗစ်နဲ့ ပတ်သက်ပြီး ထိန်းလိုက်တဲ့ အခါမှာ စကြေညာခါစမှာတော့ ဖြစ်နှုန်းတွေ တော်တော်လေးများပါတယ်။ သို့သော်လည်းပဲ တဖြည်းဖြည်းကျလာတာ တောက်လျှောက်ကို ဆင်းလာတဲ့အတွက်ကြောင့် ၃၀ ရာခိုင်နှုန်း အထက်လောက်အထိပဲ ရှိတော့တယ်။ ကျွန်တော်ပြီးခဲ့တဲ့ အစည်းအဝေးမှာလည်း ပြောပါတယ်။ ကျဆင်းသွားတယ် ဆိုပြီးတော့ ကျေနပ်နေလို့တော့ မရဘူး။ ဒီထက်ပိုပြီးတော့ကျအောင်၊ ပိုပြီး ထိန်းနိုင်အောင် လုပ်ဖို့လိုမယ်။ ဒါကြောင့် အဓိက ကတော့ လှုပ်ရှားသွားလာမှုတွေ ထိန်းချုပ်ခြင်းကတော့ နံပါတ်တစ် ဆောင်ရွက်ရလိမ့်မယ်။ ဒုတိယကတော့ ကာကွယ်ဆေးထိုးတာတွေ၊ ရောက်တဲ့ ကာကွယ်ဆေးတွေ လျင်လျင်မြန်မြန်ထိုးဖို့ လိုလိမ့်မယ်။ ဒါ ကျွန်တော်ပြောခဲ့ပါတယ်။ အသွားအလာနဲ့ ပတ်သက်ပြီးတော့လည်း တောက်လျှောက်ထိန်းလာတဲ့အတွက်ကြောင့် Indicator မှာဖော်ပြချက်ဟာ ဆိုရင်တော့ တော်တော် လေးကိုကျလာတာ တွေ့ရတယ်။ ဒါကလည်း ကောင်းတာပဲပေါ့။ ပြည်သူတွေရဲ့ ပူးပေါင်းဆောင် ရွက်မှုကောင်းတဲ့အတွက်ကြောင့် ဒီလိုဖြစ်လာတာ။ ကျွန်တော့်အနေနဲ့ ဒီဩဂုတ်လ အတွင်းမှာ သိသိ သာသာကြီးကို။ ရှင်းရှင်းပြောရရင် ခေါက်ချိုးလောက်ကို ကျသွားအောင်ကို လုပ်ချင်ပါတယ်။ လက်ရှိ ဖြစ်နေတဲ့အခြေအနေကနေ ခေါက်ချိုးလောက် ကျသွားအောင် ဩဂုတ်လ အတွင်းမှာ ကျအောင်ကြိုးစားရမှာ။ လုံးလုံးလျားလျားကျဖို့ ဆိုတာတော့ တော်တော်ခဲယဉ်းပါတယ်။ ဒီရောဂါက ဘယ်လိုမှကို ကင်းစင်သွားမယ့် ရောဂါ မဟုတ်ဘူး ဆိုပြီးတော့လဲ နိုင်ငံတကာမှာ ဆေးဝါးကျွမ်းကျင်သူ တွေအားလုံးက လက်ခံထားတဲ့ ကိစ္စဖြစ်ပါတယ်။ သို့သော် လူတွေရဲ့ကြိုးစားအားထုတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ရှိလို့ရှိရင်တော့ စောစောက ကျွန်တော်တို့မျှော်မှန်းတဲ့ လက်ရှိ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ အခြေအနေရဲ့ ထက်ဝက်ထိကို ကျဆင်းသွားမယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူတို့ Video Conferencing ဖြင့် တက်ရောက်စဉ်။

## စနစ်တကျ သုတေသနပြုလုပ်

ဆက်လက်၍ ကာကွယ်ဆေးများ အဆက်မပြတ် ရောက်ရှိလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ချက်များနှင့်အညီ ထိုးနှံပေးရမည်ဖြစ်ကြောင်း၊ ဆေးမထိုးခင်နှင့် ဆေးထိုးပြီး လုပ်ဆောင်ရန် လိုအပ်သည်များ၊ လိုက်နာရန်လိုအပ်သည်များနှင့် ဒုတိယအကြိမ်ထပ်မံ ထိုးနှံရမည့် ကာလတို့ကို တိကျစွာသိရှိနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများ တင်သွင်းမှာယူခြင်း သာမက မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက်လည်း လုပ်ဆောင်လျက်ရှိကြောင်း၊ အခြားနိုင်ငံများ၌ သက်ဆိုင်ရာနိုင်ငံအလိုက် တိုင်းရင်းဆေးများကိုလည်း စမ်းသပ်နေသကဲ့သို့ မြန်မာ့တိုင်းရင်း ဆေးဖက်ဝင်အပင်များ၊ သစ်ဥ၊ သစ်ဖုများနှင့် တိုင်းရင်းဆေးများကိုလည်း သုတေသနပြုလုပ်စမ်းသပ် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေး ပညာရှင်များဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်၍ စနစ်တကျ သုတေသနပြုလုပ်ရမည်ဖြစ်ပြီး ရေရှည်မျှော်တွေး၍ လိုအပ်လာနိုင်သည်မှန်သမျှကို တွက်ချက် လုပ်ဆောင်ကြစေလိုကြောင်း။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်အတွက် သွားလာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကြောင့် ကုန်ဈေးနှုန်းအနည်းငယ်မြင့်မားလာသည်ကို မပြောလိုသော်လည်း အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိရာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးသည့်လုပ်ငန်းများကို ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ တစ်ဆင့် အဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ထိုသို့ အသိပညာပေးရာတွင် တိုင်းရင်းသားဘာသာစကားဖြင့်ထုတ်လွှင့်မှုများ၌ ပီပီသသနှင့် ရှင်းလင်းမှု ရှိအောင်၊ လွယ်ကူရှင်းလင်းစွာ နားလည်နိုင်အောင် တင်ဆက်ကြရန် လိုကြောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို ညပိုင်းနှင့် နံနက်အစောပိုင်းတို့တွင် လှည့်လည်နှိုးဆော်ပေးပါက လိုက်နာမှု ပိုမိုအားကောင်းလာနိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ပြန့်ပွားမှုကို အထိုက်အလျောက် ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## အထိုက်အလျောက် ထိန်းချုပ်ထားနိုင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကိုဗစ်ရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်တို့မှစ၍ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို အထိုက်အလျောက် ထိန်းချုပ်ထားနိုင်ပြီး ကူးစက်မှုလျော့ကျလာသည့် အခြေအနေ၊ ကူးစက်ပြန့်ပွားမှုများကို ပိုမိုထိန်းချုပ်နိုင်ရေး ရောဂါအခံရှိသူများ၊ နာတာရှည် ရောဂါရှိသူများရှိသည့် နေအိမ်များတွင် နေအိမ်တွင်းနေထိုင်ပါကလည်း Mask တပ်ထားရန် လိုအပ်ကြောင်းကို အကြံပြုတင်ပြလိုသည့် အခြေအနေ၊ ဩဂုတ် ၁ ရက်နေ့ တစ်နေ့တည်း၌ပင် ကာကွယ်ဆေး တစ်သိန်းကျော်ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုများကို အဆက်မပြတ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ယခုနှစ် ကုန်ပိုင်းတွင် မျှော်မှန်းထားသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပေးနိုင်မည့် အခြေအနေ၊ မိမိတို့နိုင်ငံသို့ အာဆီယံနိုင်ငံများ၊ မိတ်ဆွေ နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများကို လှူဒါန်းလျက်ရှိသည့် အခြေအနေ။

*စာမျက်နှာ ၄ သို့*

> ◆ **ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်အတွက် သွားလာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကြောင့် ကုန်ဈေးနှုန်း အနည်းငယ်မြင့်မားလာသည်ကို မပြောလိုသော်လည်း အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်၊ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိရာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးသည့်လုပ်ငန်းများကို ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ တစ်ဆင့် အဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိ၊ ထိုသို့ အသိပညာပေးရာတွင် တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်မှုများ၌ ပီပီသသနှင့် ရှင်းလင်းမှုရှိအောင်၊ လွယ်ကူရှင်းလင်းစွာ နားလည်နိုင်အောင် တင်ဆက်ကြရန်လို**

*စာမျက်နှာ ၃ မှ*

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ကိုဗစ် - ၁၉ ရန်ပုံငွေမှ သုံးစွဲထားရှိမှုအခြေအနေ၊ လေကြောင်းလိုင်းများ၊ နယ်စပ်ဒေသများ၊ ဆိပ်ကမ်းများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများကို တင်သွင်းလျက်ရှိသည့် အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့သို့ ပြည်ပမှ အောက်ဆီဂျင်ဝင်ရောက်လာမှု၊ လိုအပ်သည့်နေရာများသို့ ဖြန့်ခွဲပေးလျက်ရှိမှု အခြေအနေနှင့် ဆက်လက်ဝင်ရောက်လာနိုင်မည့် အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကာကွယ်ဆေးများကို ဦးစားပေး သတ်မှတ်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိသည့် အခြေအနေ၊ တစ်နိုင်ငံလုံးရှိ အကျဉ်းစခန်းများ၌ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိမှု အခြေအနေ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပတ်သက်၍ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ကို ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့်အပြင် အသံချဲ့စက်များ အသုံးပြု၍လည်း ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များကို လိုက်လံဆော်ဩနှိုးဆော်ပေးလျက်ရှိသည့် အခြေအနေ၊ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုနှင့် ဖြန့်ဝေပေးလျက်ရှိမှု အခြေအနေ။

**ဝိုင်းဝန်းဆောင်ရွက်**

ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအပေါ် လေ့လာသုံးသပ်တွေ့ရှိမှု အခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါနှင့် အခြားရောဂါများကြောင့် သေဆုံးမှု ရာခိုင်နှုန်းလျော့ကျလာသည့် အခြေအနေ၊ ရောဂါဖြစ်ပွားနေမှုအတွင်း ကောလာဟလများ၊ သတင်းမှားများ ထုတ်လွှင့်နေမှုအခြေအနေ၊ ရောဂါကာကွယ် ထိန်းချုပ် ကုသရေး အထောက်အကူပြုပစ္စည်းများ တင်သွင်းဆောင်ရွက်နေမှု၊ နိုင်ငံပိုင်၊ တပ်မတော်ပိုင်နှင့် ပုဂ္ဂလိက ကုမ္ပဏီများမှလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အခြေခံအိမ်သုံးဆေးဝါးများ ထုတ်လုပ်နေမှုအခြေအနေ၊ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဆေးထိုးနှံနိုင်ရေး စာရင်းကောက်ယူရာတွင် စာရင်းအမှန် ရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေ၊ ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများထိုးနှံရာတွင် အထောက်အကူဖြစ်စေရေးအတွက် အရန်ဆေးထိုးနှံရေးအဖွဲ့ကြိုတင် ဖွဲ့စည်းထားရှိရန်နှင့် ဆေးထိုးနှံပြီးစီးသူများ စာရင်းကို စနစ်တကျ မှတ်တမ်းပြုစု၍ ဗဟိုသို့ နေ့စဉ်ပေးပို့ တင်ပြရန် လိုအပ်သည့် အခြေအနေ၊ ပြည်ပသို့ ရောက်ရှိပြီး အခက်အခဲဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် စိစစ်လက်ခံပေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ စစ်ဆေးကာ ရောဂါပိုး မတွေ့ရှိသူများကို ၎င်းတို့၏ နေရပ်သို့ ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

**ရေရှည်အတွက် စဉ်းစားလုပ်ဆောင်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကာကွယ်ဆေးများ အဆက်မပြတ်ရရှိစေရေး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းဆေးများနှင့် ပတ်သက်၍လည်း သုတေသနလုပ်ငန်းများကို မြန်ဆန်စွာဆောင်ရွက်ရန်နှင့် ရေရှည်အတွက် စဉ်းစားလုပ်ဆောင်ရန်လိုကြောင်း၊ ကာကွယ်ဆေး ဝယ်ယူရရှိရေးနှင့် သုတေသနပြု ထုတ်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်ပါက နိုင်ငံတော်မှ ချေးငွေစီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပြည်သူလူထု၏ အခြေခံစားဝတ်နေရေးကို ထိခိုက်စေမည့် ကောလာဟလများ ထုတ်လွှင့်နေမှုများနှင့် ပတ်သက်၍ အမြန်ဆုံးဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပမှ ဝင်ရောက်လာသည့် မိမိတို့ နိုင်ငံသားများကို စနစ်တကျလက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့နေရပ်သို့ ဘေးအန္တရာယ် ကင်းရှင်းစွာ ရောက်ရှိနိုင်ရေးအတွက် လိုအပ်ပါက တပ်မတော်ယာဉ်များကိုလည်း အသုံးပြုနိုင်ကြောင်းဖြင့် ဖြည့်စွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် **"အဓိက ကတော့ ကာကွယ်ဆေးကို မှန်မှန်နဲ့ မြန်မြန်ထိုးပေးနိုင်ဖို့လည်းလိုတယ်။ အဲ့ဒီတော့ကျွန်တော်တို့ ဒီနှစ်အကုန်မှာ တိုင်းပြည်လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းမျှော်မှန်းထားတယ်ဆိုတော့ တစ်လကို ၅ သန်းထိုးနိုင်ဖို့လိုတယ်။ တစ်လ ၅ သန်း။ လက်ရှိအခြေအနေကတော့ ၅ သန်းကိုတော့ ရတယ်။ သို့သော် နောက်လတွေမှာ စဉ်ဆက်မပြတ် ရဖို့။ ဒါကိုတွက်ဖို့ လိုတယ်။ ဘယ်နိုင်ငံမှ ရမလဲ။ ခုနက ကျွန်တော်ပြောတဲ့ သုံးနိုင်ငံ၊ Source သုံးခုရှိတယ်။ သေချာတဲ့ Source ကနေပြီးတော့ ကျွန်တော်တို့ စာချုပ်ချုပ်ထားဖို့လိုတယ်။ ဒါနဲ့ ပတ်သက်ပြီးလည်း ငွေလည်းအပြည့်အစုံ ရှိနေပြီးသား။ အဲ့ဒီတော့ ကျန်းမာရေးဝန်ကြီးက သေချာလေးတွက်ချက်ပြီး လုပ်ပေးပါ။ ဒုဥက္ကဋ္ဌနဲ့ ဆွေးနွေးပြီးလုပ်ပါလို့ ကျွန်တော်ပြောလိုတယ်။ ဆေးကတော့ ရဖို့တော့လိုတယ်။ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ပေါ့ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဆိုတော့ ရအောင်ကြိုးစားရမှာပေါ့"** ဟု ပြောကြားသည်။

**အလေးထား ကိုင်တွယ်ဆောင်ရွက်**

ဆက်လက်ပြောကြားရာတွင် မိမိတို့အနေဖြင့် ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် ကာကွယ်ဆေးထုတ်လုပ်လျက်ရှိသည့်နိုင်ငံများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်းဖြင့်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကာကွယ်ဆေး ရရှိနိုင်သည့် နိုင်ငံများနှင့် ချိတ်ဆက်၍ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများအနက် မိမိတို့နိုင်ငံသည် ကူးစက်မှုနှုန်း ပဉ္စမအများဆုံးဖြစ်ပြီး သေဆုံးမှုနှုန်းအနေဖြင့် တတိယအများဆုံးဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့ နိုင်ငံတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး အားနည်းချက်ရှိနေသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးအသိများ အားနည်းခြင်းနှင့် ပင်ကိုအရ ကျန်းမာရေး အားနည်းချက်များ ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏မျှော်မှန်း သက်တမ်းသည် ၆၇ ဒသမ ၇၈ နှစ်သာရှိသဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကိုဗစ်ရောဂါကူးစက်မှုကြောင့် မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ ကျန်းမာရေးမြှင့်တင်ရန် လိုအပ်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံး ကျန်းမာရေးမြှင့်တင်ရေးသည် ရေရှည်ကိုမျှော်တွေး၍ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အစာအာဟာရ၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အသိပညာ ဗဟုသုတများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနိုင်ငံ ဖြစ်သဖြင့် နိုင်ငံအတွင်း စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် အလေးထား ကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု၊ မွေးမြူရေး ကုန်ထုတ်လုပ်မှုများကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးဧရိယာများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး တောင်သူများအား ကူညီပေးရန်လိုကြောင်း၊ ပြည်သူများအာဟာရ ပြည့်ဝစွာ စားသုံးနိုင်ပါက ကိုယ်ခံစွမ်းအားများ ကောင်းမွန်လာပြီး ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယခုအချိန်တွင် ကိုဗစ်ဖြစ်ပွားမှုကြောင့် သေဆုံးမှုများဖြစ်ပွားရာ၌ အများစုသည် အဆုတ်ပျက်စီးမှုကြောင့်ဖြစ်ကြောင်း၊ အဆုတ်၊ နှလုံး၊ သွေးတိုး ရောဂါရှိသူများ သေဆုံးမှုများကြောင်း၊ ဆေးလိပ်သောက်သုံးမှုများ မပြုလုပ်ရန်အတွက် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ လူငယ်၊ လူရွယ်များနှင့် လူကြီးပိုင်းအထိ ဆေးလိပ်သောက် သုံးမှုများ မပြုလုပ်စေရေး ပညာပေးမှုများပြုလုပ်ရန်လိုကြောင်း။

**ဘဏ်ချေးငွေများကိုလည်း စီစဉ်ပေးသွားမည်**

ပြည်တွင်းဆေးဝါးထုတ်လုပ်မှုနှင့် ပတ်သက်၍ အခြေခံအိမ်သုံးဆေးဝါးများအား ယေဘုယျအားဖြင့် လုံလောက်စွာထုတ်လုပ်ပြီး အခြေခံဆေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အလုံအလောက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အချို့ ဆေးဝါးများသည် အရည်အသွေး အားနည်းမှုများရှိသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် အာမခံချက်ရှိသည့် ပြည်တွင်းထုတ် ဆေးဝါးများသုံးစွဲနိုင်ရေး အားပေး ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးဝါးများကို ပြည်တွင်း ဆေးဝါး စက်ရုံများမှလိုအပ်သည့် ဆေးဝါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်း စီးပွားရေးနှင့် ပြည်သူများခံစားနေရသည့် သောကများအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆေးဝါး စက်ရုံများ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး တာဝန်ရှိသူများက မျက်ခြည်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးနှင့် ပတ်သက်၍ ဆေးဝါးများထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော် မှ ငွေကြေးအပါအဝင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လိုအပ်သည့် ဘဏ်ချေးငွေများကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ကြောင့် ကျဆင်းသွားသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊

ထိုသို့လုပ်ဆောင်ရာတွင် မိမိတို့ တစ်ဦးချင်း လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင် အသုံးပြုရန် လိုအပ်သည်ဖြစ်သော်လည်း အောက်ဆီဂျင်တွင် ဆေးရုံသုံးနှင့် စက်ရုံသုံးဟူ၍ ရှိသဖြင့် မိမိသဘောဆန္ဒအလျောက် မဆင်မခြင်လုပ်ဆောင်မိပါက အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၏ အကြံပြုချက်ဖြင့်သာ လိုအပ်သည့် ပမာဏအတိုင်း သုံးစွဲကြစေလိုကြောင်း၊ ကိုဗစ်ဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တရားရုံးမထိုင်နိုင်ဘဲ စိစစ်ရန်ကျန်ရှိနေသည့် အမှုတွဲပေါင်းများစွာရှိနေကြောင်း၊ တရားခွင်တွင် လိုအပ်သည့် သက်သေခံပစ္စည်းများ ဥပမာအားဖြင့် ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့သည့် မော်တော်ယာဉ်များကို ထိန်းသိမ်းထားရှိခြင်းများရှိသဖြင့် သဘာဝဘေးကြောင့် ပျက်စီးမှုများ မဖြစ်ပေါ်စေရေး ထိန်းသိမ်းပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများ လုံခြုံရေးအတွက် ဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအနေဖြင့် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များရှိပါက တာဝန်ရှိသူများထံသို့ အချိန်နှင့် တစ်ပြေးညီတင်ပြကြရန်နှင့် မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ ကျန်းမာရေးဆိုင်ရာများ၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် ပတ်သက်၍ မလိုလားအပ်သည်များ မဖြစ်ပေါ်လာစေရေး ကြိုတင်ကာကွယ်ခြင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသိသတိဖြင့် ထိန်းသိမ်းဆောင်ရွက်

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်မှုသည် မြင့်မားလာသည့် အနေအထားတွင်ရှိပြီး ရောဂါပိုး ၂ မျိုး၊ ၃ မျိုးကွဲပြားလျက်ရှိသည်ကို တွေ့ရှိနေရကြောင်း၊ ကူးစက်ပြန့်ပွားမှုနှုန်းအနေဖြင့်လည်း ၂ ဆမှ ၄ ဆ၊ ၄ ဆမှ ၈ ဆအထိ မြန်ဆန်မှုရှိနေသည်ကို တွေ့ရှိရကြောင်း၊ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများကို ဗဟိုမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင်လည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေ ထူထပ်သိပ်သည်းသည့်ဒေသများတွင်အထူးဂရုပြု အလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သော်လည်း အစိုးရိမ်လွန်ကဲမှုမဖြစ်စေရန် အသိသတိဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ ပါဝင်တက်ရောက်စဉ်။

**ပါဝင်တက်ရောက်**

(၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဘရူနိုင်းဒါရူဆလမ် နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) H.E. Dato Erywan Pehin Yusof က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**အမြင်ချင်း ဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်း ထူထောင်ရေး၊ ၂၀၂၁ ခုနှစ် အာဆီယံ၏ ဦးစားပေး လုပ်ငန်းများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စ၊ ဒေသတွင်း ဗိသုကာပုံစံနှင့် အာဆီယံ ပြင်ပဆက်ဆံရေး၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများအဖြစ် လျှောက်ထားသည့်ကိစ္စ၊ အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုနှစ်တွင် ဖော်ဆောင်လျက်ရှိသည့် အာဆီယံဥက္ကဋ္ဌ၏ ဦးစားပေး လုပ်ငန်းစဉ်များနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ် ရေးထိုးမည့်ကိစ္စ၊ အာဆီယံ၏ ဆွေးနွေးဖက်/ မိတ်ဖက်များအဖြစ် လျှောက်ထားသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့သည်။

**ပြောင်းလဲမှုများစွာ ဖြစ်ပေါ်**

ပြည်ထောင်စုဝန်ကြီးက (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး စီစဉ်ကျင်းပသည့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) H.E. Dato Erywan Pehin Yusof ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလျက် ယခင်နှစ်က ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကြောင့် အာဆီယံဒေသ အပါအဝင် ကမ္ဘာကြီးနှင့် နိုင်ငံအများအပြားတွင် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး လူသားများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့တွင် ထိခိုက်မှုများ ဖြစ်ပွားစေခဲ့ကာ ကူးစက်ပြန့်ပွားမှု အသစ်များကြောင့် အခက်အခဲများကို ရင်ဆိုင်နေရဆဲ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အတူတကွလက်တွဲ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း ကိုဗစ်-၁၉ ပြန့်ပွားမှုကို ထိန်းချုပ်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ် တိုက်ဖျက်ရန် ယခင်နှစ်ကပင် စတင်ခဲ့သည့် အာဆီယံ၏ စုစည်းကြိုးပမ်းမှုများကို ဝမ်းမြောက်စွာတွေ့ရှိပါကြောင်း၊ ကိုဗစ်-၁၉ အာဆီယံ တုံ့ပြန်မှုရန်ပုံငွေတွင် မြန်မာနိုင်ငံ၏ ပံ့ပိုးပါဝင်မှု၊ အလုံးစုံစီးပွားရေး ပြန်လည် ထူထောင်ရေးနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ ကျန်းမာသည့်လူမှုဘဝရရှိရေးတို့ကို ကြိုးပမ်းဖော်ဆောင်လျက် အာဆီယံ၏ အဓိကဦးတည်ချက်ဖြစ်သည့် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးကို ထိန်းသိမ်း ဖော်ဆောင်ရေး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းလျက် သဘောတူညီမှုရှိရေး၊ စုစည်းညီညွတ်ရေး၊ အပြန်အလှန်လေးစားမှုရှိရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးစသည့်မူများကို လိုက်နာခြင်း၊ အပြန်အလှန် ဂရုစိုက်ခြင်းနှင့် မျှဝေခြင်းကဲ့သို့သော အာဆီယံစိတ်ဓာတ်များကို အလေးထားကာ အတူတကွလက်တွဲ ဆောင်ရွက်ခြင်းဖြင့် တစ်ဦးတစ်ယောက်မျှပင် မကျန်ရစ်စေဘဲ အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ DELSA satellite warehouse ကို ပိုမိုထိရောက်စေရေး ပံ့ပိုးပေးရန် တိုက်တွန်းအားပေးခဲ့ပြီး ASEAN SHIELD မှတစ်ဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေရရှိရေးတွင် အာဆီယံနိုင်ငံများမှ ပြည်သူများအတွက် သဘာဝဘေး အန္တရာယ် ကယ်ဆယ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုကို ကြိုဆိုခဲ့သည်။

**အထောက်အပံ့ပစ္စည်းများ လိုအပ်နေ**

ပြည်ထောင်စု ဝန်ကြီးသည် မြန်မာနိုင်ငံကို ကိုဗစ်-၁၉နှင့် စပ်လျဉ်း၍ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်နိုင်ရေးကိစ္စကို ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ အဆိုပြုမှုအပေါ် ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ပေးသည့်အတွက် အာဆီယံဥက္ကဋ္ဌကို ကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ကုသမှုတွင် အကူအညီဖြစ်စေရန် အောက်ဆီဂျင်စက်များ၊ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ တုံ့ပြန်နိုင်ရေးအတွက် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲခန်းသုံး ပစ္စည်းများနှင့် အခြားကာကွယ်ရေး ပစ္စည်းများကို ကူညီပံ့ပိုးပေးလျက်ရှိသည့် နိုင်ငံအချို့ကို ကျေးဇူးတင်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေး၊ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ ပစ္စည်းများ၊ နည်းပညာပံ့ပိုးမှုများနှင့် ရောဂါအန္တရာယ် ကြုံတွေ့နေရသည့် ပြည်သူများကို ကူညီရန် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို လိုအပ်နေသေးကြောင်း အစည်းအဝေးသို့ အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးနှင့် အသိုက်အဝန်းကောင်စီ အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ်များ တွေ့ဆုံပွဲ၊ (၂၉) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးနှင့် အရှေ့တောင် အာရှ နျူကလီးယားလက်နက် ကင်းမဲ့ရေးဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားဟူသည် ကာလဒေသမရွေးပါ

## ပြည်ထောင်စုသားတစ်ဦး

**၂၀၂၀ တိုကျို အိုလံပစ်အားကစားပွဲတော်ကြီးကို ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ကြားထဲက မဖြစ်မနေကျင်းပနေပါတယ်။ ဂျပန်နိုင်ငံက အိုလံပစ်ပွဲတော်ကြီးကို လက်ခံကျင်းပတာ ယခုအကြိမ်အားဖြင့်ဆို နှစ်ကြိမ်မြောက်ရှိနေပါပြီ။**

> **❂ ပစ္စက္ခ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီးနဲ့ အများပြည်သူများ ရင်ဆိုင် ကြုံတွေ့နေဆဲအချိန်မှာလည်း အကြမ်းဖက်သမားတွေဟာ ဒေသအချို့မှာ အပြစ်မဲ့ပြည်သူတွေ၊ ရပ်မိရပ်ဖတွေကို ချောင်းမြောင်းလုပ်ကြံ သတ်ဖြတ်နေကြဆဲပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် အများပြည်သူတွေကို နှာခေါင်းစည်းတွေ လိုက်လံဝေငှပေးနေတဲ့ အမျိုးသမီးတစ်ဦးကိုပင် သူလျှိုဒလန်ဟု မဟုတ်တမ်းတရား စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ အကြမ်းဖက်သမားဟူသည် ကာလဒေသ မရွေးပါတကား**

ပထမအကြိမ်ကို ၁၉၆၄ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့တော်မှာပဲ ပထမဦးဆုံး လက်ခံကျင်းပခဲ့ပြီး ထိုစဉ်က မြန်မာနိုင်ငံက လက်ဝှေ့၊ အလေးမ၊ ရေကူး၊ တာဝေးအပြေး၊ လမ်းလျှောက်နှင့် သေနတ်ပစ်ပြိုင်ပွဲတွေမှာ မြန်မာအားကစားအဖွဲ့ဝင် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခုအကြိမ်မှာတော့ အားကစားသမားနှစ်ဦးပဲ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

အားကစားသမားအရေအတွက် နည်းတာ၊ များတာက အကြောင်းမဟုတ်ပါဘူး။ ကမ္ဘာ့မိသားစုဝင်တွေအားလုံးနီးနီး ပါဝင်ဆင်နွှဲကြတဲ့ အိုလံပစ်အားကစားပွဲတော်ကြီးကို ကမ္ဘာ့မိသားစုစာရင်းဝင်တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကလည်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြားထဲကနေ မဖြစ်မနေ ပါဝင်ဆင်နွှဲခဲ့ခြင်း ဖြစ်ပါတယ်။

### အိုလံပစ်

အိုလံပစ်ဆိုတဲ့အမည်ဟာ ရှေးနှစ်ပေါင်း ၂၇၀၀ ကျော်ခန့်က ဂရိနိုင်ငံ အိုလံပီယာမြို့မှာ ဂရိလူမျိုးတို့ လေးနှစ်တစ်ကြိမ်ကျင်းပသောပွဲမှ အစပြုပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ရှေးအထက်ကျော်ကာရီက ဂရိလူမျိုးတို့ဟာ စိတ်ခတ်ရွှင်လန်းတက်ကြွစေရန် ကိုယ်လက်ကျန်းမာသွက်လက်ရမယ်လို့ ယုံကြည်ကြသူများ ဖြစ်ပါတယ်။ သို့ကြောင့်မို့ သူတို့ဟာ ကစား ခုန်စားကို နှစ်နှစ်ခြိုက်ခြိုက် အလေးထားကြတယ်။ တပျော်တပါးကျင်းပတဲ့ စားသောက်ပွဲကြီးတွေ၊ နတ်ပူဇော်ပွဲတွေ၊ ယုတ်စွအဆုံး ဈာပနအခမ်းအနားတွေမှာတောင် ကစားခုန်စားပွဲကို ကျင်းပကြတယ်။ အထူးသဖြင့် ဇု(Zeus)နတ်မင်းကြီးအား ပူဇော်ပသ ဂုဏ်ပြုထောမနာတဲ့ကစားပွဲကို မပျက်မကွက် ကျင်းပကြတယ်။ ထိုကစားခုန်စားပွဲတော်ကား တစ်နည်းအားဖြင့် အိုလံပစ်ပွဲတော်ပဲဖြစ်တယ်။ ဂရိပုံပြင်တစ်ခုမှာတော့ နတ်မင်းကြီးဇုရဲ့သားတော်ဟာကျူလီလူသန်ကြီးနဲ့ အိုလံပစ်ပွဲတော် အစပြုခြင်းက ဆက်စပ်နေတယ်လို့ ဆိုတယ်။

### သမိုင်းအစဉ်အလာ ကြီးမားခဲ့

အိုလံပစ်ပွဲတော်ရဲ့ မာရသွန်အပြေးပြိုင်ပွဲကလည်း သမိုင်းအစဉ်အလာ ကြီးမားခဲ့တယ်။ ခရစ်မပေါ်မီအနှစ် ၄၉၀ ခန့်က စစ်အောင်ပွဲသတင်းကို အေသင်မြို့သူ မြို့သားများ အမြန်ဆုံးသိရှိစေရန် ၂၆ မိုင်ခရီးအား မရပ်မနားအပြေးသွားပြီး သတင်းပါးရင်း အမောဆို့သေဆုံးသွားရှာတဲ့ အိုလံပစ်ချန်ပီယံကြီး ဖေးဒစ်ပီးဒီ (Phedippides) ကို ဂုဏ်ပြုတဲ့အနေနဲ့ ခေတ်သစ်အိုလံပစ်ပွဲတော်မှာ ထည့်သွင်းကျင်းပပေးခဲ့ခြင်း ဖြစ်တယ်။

ပထမအကြိမ်အိုလံပစ်ပွဲတော်ကို ၁၈၉၆ ခုနှစ် မတ် ၂၅ ရက်မှာ မူလအိုလံပစ်ပွဲများ ကျင်းပရာ ဂရိနိုင်ငံ အေသင်မြို့၌ စတင်ကျင်းပခဲ့တယ်။ ပြင်သစ်နိုင်ငံသား ဗဲရွန်ပီယဲကူဗာတင်ရဲ့ ကြိုးပမ်းစွမ်းဆောင်နိုင်မှုကြောင့် နှစ်ပါင်း ၁၅၀၀ ကျော်တိုင်တိုင် တိမ်မြုပ်ပျောက်ကွယ်နေခဲ့တဲ့ အိုလံပစ်ပွဲတော်ဟာ ပြန်လည်ပေါ်ထွန်းခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကိုလည်း ၁၈၉၄ ခုနှစ် ဇွန် ၂၃ ရက်မှာ စတင်ထူထောင်နိုင်ခဲ့ပြီး ခေတ်သစ်အိုလံပစ်စည်းမျဉ်းတွေ ပြဋ္ဌာန်းနိုင်ခဲ့တယ်။

အဖြူခံအပေါ်မှာ အပြာရောင်၊ အဝါရောင်၊ အနက်ရောင်၊ အစိမ်းရောင်နဲ့ အနီရောင်စက်ဝိုင်းကွင်း ငါးကွင်းဆက်ပါ အိုလံပစ်အလံကိုလည်း ရေးဆွဲသတ်မှတ်ခဲ့ကြတယ်။ စက်ဝိုင်း ငါးကွင်းဆက်နေခြင်းရဲ့ သဘောလက္ခဏာကတော့ တိုက်ကြီး ငါးတိုက်ရဲ့ စည်းလုံး ညီညွတ်မှုပြယုဂ်ကို ရည်ရွယ်ပြသခြင်း ဖြစ်တယ်။

ခေတ်သစ်အိုလံပစ်ပွဲတော်ကို ဖော်ဆောင်သူ ကူဗာတင်က "အိုလံပစ်ပွဲတော် ကျင်းပပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုနိုင်စေတယ်။ ကမ္ဘာကြီးငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ပေတယ်"လို့ ဆိုခဲ့တယ်။

သို့ဆိုလင့်ကစား ငြိမ်းချမ်းရေးကို ရှေးရှုပြီး ခေတ်သစ်အိုလံပစ်ပွဲတော် ကျင်းပနိုင်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းခဲ့တဲ့ ကူဗာတင်ရဲ့ အတွေးအခေါ် အယူအဆဟာ ၁၉၇၂ ခုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပတဲ့ မြူးနစ်အိုလံပစ် အားကစားပွဲတော် ကျင်းပဆဲအချိန်မှာတော့ ညစ်ထေးသွားခဲ့ရတယ်။

### အိုလံပစ်ပွဲတော်ဟာ သွေးစွန်းသွားခဲ့

ဂျာမနီပြည်သူတွေနဲ့ ကမ္ဘာ့မိသားစုအဖွဲ့ဝင်တွေ ခင်မင်ရင်းနှီးမှုအပြည့်ဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုကျင်းပနေတဲ့ အိုလံပစ်ပွဲတော် ၁၁ ရက်မြောက်နေ့မှာ ပါလက်စတိုင်းအကြမ်းဖက်သမား ရှစ်ဦးရဲ့လက်ချက်ကြောင့် မြူးနစ်အိုလံပစ်ပွဲတော်ဟာ သွေးစွန်းသွားခဲ့ရတယ်။

၁၉၇၂ ခုနှစ် စက်တင်ဘာ ၅ ရက် အရုဏ်မတက်မီအချိန်မှာ သူတို့ဟာ မြူးနစ်အိုလံပစ်အားကစားရွာထဲကို ဝင်ရောက်လာကြတယ်။ အားကစားပစ္စည်းများ ထည့်ထားတဲ့ အိတ်ထဲမှာ စက်သေနတ်များနဲ့ လက်ပစ်ဗုံးတွေကို ဝှက်ပြီး ယူဆောင်လာခဲ့ကြတယ်။ ပါလက်စတိုင်းအကြမ်းဖက်သမား ရှစ်ဦးဟာ အစ္စရေးအားကစားသမားတွေနေထိုင်ရာ ဒုတိယထပ်ရှိအခန်းသို့ တက်သွားပြီး တံခါးခေါက်လိုက်ကြတယ်။

စက်သေနတ်ပစ်သံတွေနဲ့အတူ အသက် ၃၃ နှစ်ရှိ သုံးလသားကလေးငယ်ရဲ့ဖခင် အားကစားသမား ဝိန်းဘတ်ဟာ လဲကျသေဆုံးခဲ့ပြီး ရိုမာနိုဟာ ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့တယ်။ နပန်းနဲ့ အလေးမအဖွဲ့က လူသန်ကြီးများဟာ ပြတင်းပေါက်တံခါးကိုဖျက်ပြီး ထွက်ပြေးနိုင်ခဲ့ကြလို့ အားကစားသမားအချို့ လွတ်မြောက်သွားခဲ့ကြပေမယ့် ကျန်အားကစားအဖွဲ့ဝင် ကိုးဦးကတော့ အကြမ်းဖက်သမားတွေရဲ့ဖမ်းဆီးမှုကို ခံလိုက်ရတယ်။

ချက်ချင်းဆိုသလို အကြမ်းဖက်သမားပြောက်ကျားတွေဟာ ရာဇသံတစ်ရပ်ကို ထုတ်ပြန်ခဲ့ကြတယ်။ သူတို့တောင်းဆိုချက်က အစ္စရေးတို့လက်ထဲမှာ အကျဉ်းကျနေတဲ့ ပါလက်စတိုင်းပြောက်ကျား ၂၀၀ ကို လွှတ်ပေးရန်နဲ့ သူတို့ကို လုံခြုံစွာ ပြန်လည်ပို့ပေးရန် ဖြစ်တယ်။

ထိုစဉ်က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ (အနောက်ဂျာမနီ)ဝန်ကြီးချုပ် ဝီလီဘရန့်ဟာ ဘွန်းမြို့ကနေ မြူးနစ်သို့ ချက်ချင်းရောက်လာပြီး အဖမ်းခံရသူတွေ လွတ်မြောက်ရေးအတွက် နိုင်ငံရေးအရ ဖြေရှင်းရန် အားထုတ်ခဲ့တယ်။ သို့ပေမယ့် ပါလက်စတိုင်း အကြမ်းဖက်သမားတွေက ကမ်းလှမ်းချက်ဟာ တိကျတဲ့သတ်မှတ်ချက် မရှိဘူးဆိုပြီး ချက်ချင်းငြင်းပယ်လိုက်တယ်။ သို့ကလိုကြောင့် ဂျာမနီအစိုးရတာဝန်ရှိသူတွေဟာ ဓားစာခံတွေ ပြန်လည်လွတ်မြောက်ရေးအတွက် ကယ်ဆယ်ရေးအစီအစဉ်တွေကို စီစဉ်ဆောင်ရွက်ခဲ့ကြရတယ်။

သူတို့ရဲ့အစီအစဉ်က အကြမ်းဖက်သမားပြောက်ကျားတွေနဲ့ အဖမ်းခံအားကစားသမားတွေကို လေယာဉ်ကွင်းတစ်ခုသို့ ရဟတ်ယာဉ်နဲ့ ပျံသန်းစေပြီးနောက် လေယာဉ်ကွင်းမှနေ၍ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ဖို့ ဖြစ်တယ်။ အကြမ်းဖက်သမားတွေ ရဟတ်ယာဉ်တွေပေါ်မှ ဆင်းပြီး ဂျက်လေယာဉ်သို့အကူးမှာ သေနတ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ရဟတ်ယာဉ် သုံးစင်း လေယာဉ်ကွင်းသို့ ဆင်းသက်လာပါပြီ။ ပထမနှစ်စင်းမှာ အားကစားသမားတွေနဲ့ အကြမ်းဖက်သမားတွေ စီးနင်းလာတယ်။ နောက်တစ်စင်းမှာ စေ့စပ်ဆွေးနွေးသူတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ပါဝင်တယ်။ လက်ဖြောင့်သေနတ်သမား ငါးဦးက ရဟတ်ယာဉ်တွေ ဆင်းသက်နေရာနဲ့ ကိုက် ၁၅၀ ကွာတဲ့ မျှော်စင်အပေါ်မှာ အဆင်သင့်နေရာယူပြင်ဆင်ထားတယ်။

လက်ဖြောင့်သေနတ်သမားတွေဟာ အကြမ်းဖက်သမားလေးဦး မြေပြင်သို့ ရောက်ရှိချိန်မှာ စတင်ပစ်ခတ်ကြတယ်။ အကြမ်းဖက်သမား နှစ်ဦးကိုပဲ ပစ်သတ်နိုင်ပြီး ကျန်တစ်ဦးက ဒဏ်ရာရရှိသွားတယ်။ သေနတ်သံတွေ ခေတ္တတိတ်ဆိတ်သွားတယ်။ တစ်ခဏအတွင်းမှာပဲ သေနတ်သံတွေ ပြန်ထွက်ပေါ်လာပြီး အားကစားသမားအချို့ ထိခိုက်သေဆုံးသွားခဲ့ကြတယ်။ အားကစားသမား လေးဦးကတော့ ရဟတ်ယာဉ်အတွင်းကို အကြမ်းဖက်သမားတစ်ဦး ပစ်သွင်းလိုက်တဲ့ လက်ပစ်ဗုံးဒဏ်ကြောင့် မီးလောင် သေဆုံးသွားခဲ့ရရှာတယ်။ ရဲတပ်ဖွဲ့ဝင်တွေဟာ အကြမ်းဖက်သမား ငါးဦးကို အသေပစ်ခတ်ရရှိပြီး သုံးဦးကို ဖမ်းဆီးရမိခဲ့တယ်။

၁၉ နာရီကြာ မြူးနစ်အိုလံပစ်အကြမ်းဖက်မှုဖြစ်စဉ်အပြီးမှာတော့ စုစုပေါင်း လူ ၁၇ ဦး သေဆုံးခဲ့ရတယ်။ အစ္စရေးအားကစားသမား ၁၁ ဦး၊ ပါလက်စတိုင်းအကြမ်းဖက်သမား ငါးဦးနဲ့ ဂျာမန်ရဲတပ်ဖွဲ့ဝင် တစ်ဦးတို့ပဲ ဖြစ်ပါတယ်။

အဆိုပါစိတ်မချမ်းမြေ့ဖွယ်ရာ မြူးနစ်အိုလံပစ် အကြမ်းဖက်မှုဖြစ်စဉ်ကို တစ်ကမ္ဘာလုံးက ရုပ်မြင်သံကြားကတစ်ဆင့် စောင့်ကြည့်ခဲ့ကြရတယ်။ ရဲတပ်ဖွဲ့ဝင်တွေက ကယ်ဆယ်ဖို့ ကြိုးပမ်းမှုတွေ၊ အဖမ်းခံရသူတွေ လွတ်မြောက်သွားပြီဟူသည့် ဂျာမန်အာဏာပိုင်တို့၏ ကနဦးမရေမရာ ကြေညာခဲ့မှုတွေ၊ ထို့နောက်မှာ ဓားစာခံအားလုံး သေဆုံးသွားခဲ့ပြီဆိုသည့် ရင်နာဖွယ်သတင်းကို ကြားသိရတဲ့ အဆုံးဝယ် လူအားလုံး တုန်လှုပ်ချောက်ချားသွားခဲ့ကြတယ်။

အသက်ဆုံးရှုံးခဲ့ကြရတဲ့ အစ္စရေးအားကစားသမားများကို အစ္စရေးနိုင်ငံတော်အလံ ဖုံးလွှမ်းထားတဲ့ ခေါင်းတွေထဲထည့်ကာ တဲလ်အဗစ်မြို့သို့ ပြန်လည်သယ်ဆောင်သွားခဲ့ပါတယ်။ အကြမ်းဖက်သမားတွေရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရရှာတဲ့ အားကစားသမားတွေထဲမှာ အိုဟိုင်အိုမှာ မွေးဖွားခဲ့ပြီး မြူးနစ်အိုလံပစ်တွင် အစ္စရေးအားကစားအဖွဲ့ဝင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ဖို့ လွန်ခဲ့တဲ့နှစ်ကမှ အစ္စရေးသို့ပြန်လာတဲ့ အသက် ၂၆ နှစ်အရွယ်ရှိ ဒေးဗစ်ဘားဂျား၊ လစ်ဗျားနိုင်ငံမှာမွေးဖွားခဲ့တဲ့ ရိုမာနို၊ ရိုမေးနီးယားမှာ မွေးဖွားခဲ့တဲ့ ဓားသိုင်းနည်းပြဆရာ အန်ဒရီစပစ်ဇာနဲ့ ဂတ်ဖရမ်း၊ အားကစားသမားတွေထဲမှာ အသက်အငယ်ဆုံး အသက် ၁၈ နှစ်သာရှိသေးတဲ့ မတ်စလာဗင်တို့လည်း ပါဝင်သွားကြတယ်။

မတ်စလာဗင်ဟာ ဆိုဗီယက်ယူနီယံမှ လွန်ခဲ့တဲ့သုံးလကြာက ပြောင်းရွှေ့လာသူ ဖြစ်ပါတယ်။ **"ကျုပ်တို့အားလုံး အစ္စရေးကိုပြန်လာဖို့ သူကခေါ်တယ်။ ကျွန်တော့်တိုင်းပြည်ဖြစ်တဲ့ အစ္စရေးပြည်ရဲ့ဂုဏ်ကို မြှင့်တင်ပေးချင်တယ်လို့ သူအမြဲပြောပြခဲ့တယ်"**လို့ မတ်ရဲ့အဘိုးက ဆိုပါတယ်။

အစ္စရေးကျောင်းသားတစ်ဦးဖြစ်သူ အက်ရှာမာရှီယာက **"ပါလက်စတိုင်း အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှု မခံရအောင် ကျွန်တော်တို့ အမြဲမပြတ် သတိထားလေ့ရှိပါတယ်။ ဒါပေမယ့် လွတ်လွတ်လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက လာရောက်ယှဉ်ပြိုင်ကြတဲ့ ဒီလိုပွဲမျိုးမှာ အခုလိုလုပ်လိမ့်မယ်လို့တော့ မထင်မိခဲ့ဘူး"**လို့ မချိတင်ကဲပြောကြားခဲ့ပါတယ်။

### အကြမ်းဖက်မှုဖြစ်စဉ်တစ်ခု

အကြမ်းဖက်သမားတို့ရဲ့ အကြံပက်စက်တဲ့ လုပ်ရပ်ကို အက်ရှာမာရှီယာ ထိုသို့မထင်မှတ်ခဲ့သလို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပင့်ဆောင်ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူအတွင်း အပူဇော်ခံထားရှိတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို အကြမ်းဖက်သမားတွေက ဗုံးဖောက်ခွဲခဲ့တဲ့အတွက် အပြစ်မဲ့သူအချို့ ထိခိုက်သေဆုံးခဲ့ကြရတဲ့ မယုံနိုင်စရာ အကြမ်းဖက်မှုဖြစ်စဉ်တစ်ခု မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့ဖူးတယ်။

ပစ္စက္ခ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီးနဲ့ အများပြည်သူများ ရင်ဆိုင်ကြုံတွေ့နေဆဲအချိန်မှာလည်း အကြမ်းဖက်သမားတွေဟာ ဒေသအချို့မှာ အပြစ်မဲ့ပြည်သူတွေ၊ ရပ်မိရပ်ဖတွေကို ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်နေကြဆဲပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် အများပြည်သူတွေကို နှာခေါင်းစည်းတွေ လိုက်လံဝေငှပေးနေတဲ့ အမျိုးသမီးတစ်ဦးကိုပင် သူလျှို၊ ဒလန်ဟု မဟုတ်တမ်းတရားစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ အကြမ်းဖက်သမားဟူသည် ကာလဒေသမရွေးပါတကား။ ။

**ကိုးကား** – **စိုးမြိုင်၏ အာရာဖတ်နှင့် ပါလက်စတိုင်း လွတ်မြောက်ရေးလှုပ်ရှားမှု။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူနှင့်တွေ့ဆုံပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပိုမိုကောင်းမွန်အောင် ဆောင်ရွက်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ စေတနာဖြူဖြူစင်စင်ဖြင့် ပြည်သူ့အတွက်၊ ဌာနအတွက် လုပ်ဆောင်သင့်သည်များကို ဆောင်ရွက်သွားစေလိုကြောင်း၊ ယခင် ခြောက်လတာကာလ ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုများအပေါ် မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မီဒီယာကဏ္ဍသည် အရေးကြီးသည့်အတွက် အနာဂတ်ကာလ၌ သတင်းထုတ်ပြန်ရာတွင် လျင်မြန်မှန်ကန်ပြီး ခေတ်နှင့်လျော်ညီကာ သစ်လွင်တက်ကြွနေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အသိပေးသင့်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမရှိအောင် အတတ်နိုင်ဆုံး နေထိုင်လုပ်ကိုင် ဆောင်ရွက်သွားကြရန် အလွန်အရေးကြီးပါကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Conference Room ၌ အရာထမ်း၊



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

အမှုထမ်းများနှင့် တွေ့ဆုံပြီး အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး ပြည်သူ စိတ်ဝင်စားမှုရှိစေရေးအတွက် အနာဂတ်ကာလ၌ သတင်းထုတ်ပြန်မှုအပါအဝင် အစီအစဉ်များအား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ခေတ်နှင့်လျော်ညီပြီး သစ်လွင်နုပျိုသည့် တက်တက်ကြွကြွနှင့် ဂုဏ်သိက္ခာရှိသော ထုတ်လွှင့်မှုများ ဖြစ်စေရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Convergence News Room, Presentation Rooms, TV Master Control Room, News Studio, NRCS, Radio Master Control Room, 9 Meter Earth Station, ဓာတ်ပြားတိုက်, On Air Rooms, Auditorium, စိန်ရတုပြခန်းနှင့် စိန်ရတုပြတိုက် ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးဝါးနှင့်ဆေးပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂

ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ကုသရေး အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

### ဆေးဝါးတင်သွင်းရန်အတွက် ဖွင့်လှစ်

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ဆိပ်ကမ်းနှင့်လေဆိပ်များသို့ ပြည်ပမှ တင်သွင်းရောက်ရှိလာသည့်ပစ္စည်း Container များကို တင်သွင်းလာသည့် ကုမ္ပဏီများမှ အမြန်ဆုံးလာရောက် ထုတ်ယူနိုင်ရန်ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပိတ်ရက်မရှိ ထုတ်ပေးနိုင်ရေး၊ OSS Task Force ရန်ကုန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဆိပ်ကမ်းသို့ ရောက်ရှိနေသည့် Container များနှင့်ပတ်သက်၍ တင်သွင်းသည့်ကုမ္ပဏီများကို ခေါ်ယူဆွေးနွေးပြီး အမြန်ဆုံးထုတ်ယူနိုင်ရေး၊ ထုတ်ယူပြီးပစ္စည်းများကို ဈေးကွက်အတွင်း အမြန်ဖြန့်ဖြူးနိုင်ရေး၊ လိုအပ်သော FDA သွင်းကုန်ထောက်ခံချက် အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးရေး၊ တင်သွင်းခြင်းဆိုင်ရာ ဖြေလျှော့ပေးမှုများကို သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပေးရေး၊ ဆေးဝါးတင်သွင်း ဖြန့်ဖြူး



သည့် ကုမ္ပဏီများအနေဖြင့် ယခင်ကအတိုင်း ဆေးဆိုင်များသို့ တိုက်ရိုက်ပို့ဆောင်ဖြန့်ချိပေးရေး၊ ဆေးဝါးနှင့် ဆေးပစ္စည်း အရောင်းဆိုင်များအားလုံး ဖွင့်လှစ်ရောင်းချရေးတို့ကို အဓိကထားဆွေးနွေးခဲ့ကြပြီး မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ် တမူး-မိုးရေးနယ်စပ်ကုန်သွယ်ရေး ဂိတ် (၁) နှင့် ဂိတ် (၂) တို့အား ဆေးဝါးတင်သွင်းရန်အတွက် ဖွင့်လှစ်နိုင်ပြီဖြစ်၍ အမြန်ဆုံးတင်သွင်းရေး၊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ဆိပ်ကမ်းတွင် ရောက်ရှိနေသော မြန်မာ့ပဲတင်ပို့သည့် သင်္ဘောသည် ဩဂုတ် ၁၂ ရက်တွင် အိန္ဒိယနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်၍ ဆေးဝါး၊ ဆေးပစ္စည်းများ၊ ဆေးဝါးကုန်ကြမ်းပစ္စည်းများ ကုန်သေတ္တာ ၈၀ ခန့် တင်သွင်းနိုင်ကြောင်းတို့ကို ဆေးဝါးကုမ္ပဏီများသို့ အသိပေးသွားရန် ဆွေးနွေးကြသည်။

### အဖွဲ့ဝင်များ တက်ရောက်

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ ဗိုလ်မှူးချုပ် ရန်နောင်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းမှု လွယ်ကူလျင်မြန်မှန်ကန်ချောမွေ့စေရေးလုပ်ငန်းအဖွဲ့(ရန်ကုန်)မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် Task Force မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရသေ့တောင်မြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး

ရသေ့တောင် ဩဂုတ် ၂

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးရာတွင် ယခင်ကာကွယ်ဆေးမထိုးရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေး လုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင်ကူညီဆောင်ရွက်ပေးနေကြသည့် စေတနာ့ဝန်ထမ်းများအား ဦးစားပေးအနေဖြင့် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-ကာကွယ်ဆေးထိုးနှံပေးနေမှုအား ရသေ့တောင်မြို့ နယ်မြေခံတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် တာဝန်ရှိသူများက အားပေးစကား ပြောကြားသည်။

ရသေ့တောင်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို စုရပ်ငါးခုသတ်မှတ် ထိုးနှံသွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်တွင် တောင်ရင်းတန်းရပ်ကွက်နှင့် ချောင်းဝရပ်ကွက်တို့မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ထိုးနှံပေးခဲ့ပြီး ကျန်ရှိသတ်မှတ်စုရပ်များတွင် ဩဂုတ် ၂ ရက်မှစ၍ ဦးစားပေးအဆင့်လိုက် ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အောင်စံထွန်း (ပြန်/ဆက်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ် – ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း သက်ဆိုင်ရာ မြို့နယ်များအလိုက် စုရပ်နေရာများခွဲ၍ ဦးတည်အုပ်စုများနှင့် ဦးစားပေး အစီအစဉ်များအလိုက် ကာကွယ်ဆေး ဆက်လက် ဆေးထိုးနှံပေးသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသတ်မှတ်ထားသည့် မြို့နယ်များအလိုက် နံနက်ပိုင်းမှစတင်၍ စုရပ်နေရာများဖြစ်သော အခြေခံပညာအထက်တန်းကျောင်းများ၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေး ဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံ ဝန်ထမ်းများ၊ ဟိုတယ်/ မိုတယ်/ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ စူပါမားကတ်များ/ ဈေးများမှ စည်ပင်သာယာဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်–၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆေးထိုးနှံပေးသည်။

ယင်းကာကွယ်ဆေးထိုးလုပ်ငန်းများကို ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ မင်းကုန်းအခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းတို့၌ ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံသည့်နေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့် ပြည်သူလူထု သိရှိထားရမည့် အချက်အလက်များကို ကာကွယ်ဆေး လာရောက်ထိုးနှံသူများ မြင်သာသည့် နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကိုလည်း တွေ့ရသည်။

ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက် နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ထားပေးခြင်း၊ အနားယူနေစဉ်အချိန်အတွင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာပါကလည်း လိုအပ်သည်များ ကုသပေးနိုင်ရန် အဆင့်သင့် ဆောင်ရွက်ပေးခြင်းနှင့် ဆေးလာရောက် ထိုးနှံသူများ၏ ကျန်းမာရေးသာမက လုံခြုံရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးထားသည်။

ကာကွယ်ဆေးထိုးနှံမည့်ကာလကို ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံခြင်း သီတင်းပတ်အဖြစ် လျာထားသတ်မှတ်ထားပြီး ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များ အလိုက် ဆက်လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်း– ဟန်ဂျိုင်း**
**ဓာတ်ပုံ– ကိုသန်း**



ပုဗ္ဗသီရိမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံပေးစဉ်။



လယ်ဝေးမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံပေးစဉ်။



ဇေယျာသီရိမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံပေးစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

လက်ရှိအချိန်တွင် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့ လှူဒါန်းပေးလျက်ရှိသည်။



ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများ၊ မြို့ဝင်/ မြို့ထွက် စစ်ဆေးရေးဂိတ်များနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာ



တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး အလုံး ၇၁၇၀၊ Oxygen Concentrator စက် ခုနစ်လုံး၊ Oxygen Flow meter အစုံ ၄၀၊ Mask ၃၇၄၀၃၂ ခု၊ Personal Protective Equipment(PPE) ဝတ်စုံ ၂၀၂၀၊ Hand Gel ၈၅၇ ဘူး၊ Face Shield ၂၅၀၊ လက်ဆေးဆပ်ပြာရည် လေးပုံး၊ လက်အိတ် Surgical Gloves ၂၀၅၄ စုံ၊ ခေါင်းစွပ် ၂၉၀၀၊ ဆေးပစ္စည်းများ၊ စက်သုံးဆီများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ အလှူငွေများကို သွားရောက်ပေးအပ် လှူဒါန်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ပေးအပ် လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၁) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးနှင့် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၅၂) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဩဂုတ် ၂

(၂၁) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အဆင့်မြင့် စီးပွားရေး အရာရှိများအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေးအရာရှိ ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ် ဦးဆောင်ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်စီးပွားရေးအရာရှိများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



### စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု

အစည်းအဝေးတွင် အဆင့်မြင့်စီးပွားရေးအရာရှိများက စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အောက်မှ စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် (၂၀၁၉–၂၀၂၀) နှင့် (၂၀၂၁–၂၀၂၂) တို့၏ အကောင်အထည်ဖော်မှု၊ စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

အဆင့်မြင့်စီးပွားရေးအရာရှိများက စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကုန်စည်ပြပွဲများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို Virtual နည်းဖြင့် ဒီဂျစ်တယ်နည်းပညာကိုအသုံးပြု၍ ကျင်းပသွားရေးနှင့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု မူဘောင်အား အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေး၌ ၂၀၁၆ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့် အာဆီယံပေါင်းစည်းဆောင်ရွက်မှု ကနဦးလုပ်ငန်းအစီအစဉ်–၃ ပြီးစီးမှုနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်–၄ စတင်အကောင်အထည်ဖော်မှုတို့ကိုလည်းကောင်း၊ စီအယ်လ်အမ်ဗွီနိုင်ငံများ၌ ယှဉ်ပြိုင်မှုနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဂျာမနီနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် GIZ က ဆောင်ရွက်လျက်ရှိသော "အာဆီယံ စီးပွားရေးပေါင်းစည်းမှု ကနဦးအစီအစဉ်၏ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး မူဘောင်" စီမံချက်၏ ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူကျင်းပမည့် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်သည် အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၃/၅၂) ကြိမ်မြောက် အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ အစည်းအဝေးတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Dr. May Fa'ezah Ahmad Ariffin က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်စီးပွားရေး အရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီးပွားရေးမဏ္ဍိုင်ဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Mr. Satvinder Singh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံက အာဆီယံ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှု၊ အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုအရ ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ၏ အကောင်အထည်ဖော်မှု၊ အေအီးစီ ၂၀၂၅ ကာလလယ် သုံးသပ်ချက် အစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ လမ်းညွှန်မှုအောက်ရှိ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းများ အကောင်အထည်ဖော်မှု တင်ပြချက်များ၊ တီမောလတ်စ်တေနိုင်ငံက အာဆီယံသို့ ဝင်ရောက်ရန် လျှောက်ထားမှုအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် (၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ပြင်ဆင်ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်သည် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၅ ရက်၊ ဩဂုတ် ၁၁ ရက်နှင့် ဩဂုတ် ၁၆ ရက်တို့တွင်ကျင်းပမည့် အာဆီယံ–ကနေဒါ၊ အာဆီယံ–ကိုရီးယား၊ အာဆီယံ–ဟောင်ကောင်၊ အာဆီယံ–တရုတ်၊ အာဆီယံ–အမေရိကန်၊ အာဆီယံ–အိန္ဒိယ၊ အာဆီယံ–ရုရှား၊ အာဆီယံ–ဗြိတိန်၊ အာဆီယံ–ဆွစ်ဇာလန်၊ အာဆီယံ–ဩစတြေးလျ၊ နယူးဇီလန်၊ အာဆီယံ–ဂျပန်၊ အာဆီယံ အပေါင်းသုံး(တရုတ်၊ ဂျပန်၊ ကိုရီးယား)၊ အာဆီယံ–အီးယူ၊ အရှေ့အာရှ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးများသို့လည်း ဆက်လက်တက်ရောက်မည် ဖြစ်သည်။

### ဆွေးနွေးညှိနှိုင်းကြမည်

အဆိုပါ အစည်းအဝေးများတွင် အာဆီယံနှင့် ဆောင်ရွက်နေသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ကိုဗစ် – ၁၉ ကပ်ရောဂါအလွန် ဒေသတွင်းစီးပွားရေး ပြန်လည်ထူထောင်မည့် အစီအစဉ်များကို အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်း

နေပြည်တော် ဩဂုတ် ၂

ကိုဗစ်–၁၉ ရောဂါခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်–၃၀၀)သို့ အောက်ဆီဂျင်အိုး အလုံး၄၀ နှင့် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင်–၅၀) သို့ အောက်ဆီဂျင်အိုး ၁၀ လုံးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သာပေါင်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ Oxygen Concentrator စက် ၅ လုံးနှင့် အောက်ဆီဂျင်အိုး ၂၈ လုံးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး၂၀ နှင့် Oxygen Flow Meter အခု ၂၀ တို့ကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသီးသီးသွားရောက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

အလားတူ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ် ပြည်သူ့ဆေးရုံကြီး (ခုတင်–၂၀၀)သို့ Mask များနှင့် စားသောက်ဖွယ်ရာများကို အလှူရှင်များကိုယ်စား နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းသည်။ ထို့ပြင် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အောက်ဆီဂျင်များကို ကူညီဖြည့်တင်းပေးသည့် ပုဂ္ဂလိကအောက်ဆီဂျင်စက်ရုံများမှ ပိုင်ရှင်များအား ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်းနှင့် ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ Oxygen Plant တပ်ဆင်စမ်းသပ် ထုတ်လုပ်နေမှုနှင့် အဆိုပါဆေးရုံ၌ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဝစီပိတ်ဆရာတော် ဘဒ္ဒန္တကောဝိဒ၏ ဦးဆောင်အလှူငွေဖြင့် ဝယ်ယူမည့် Oxygen Plant အဆောက်အအုံတည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်–၂၀၀)သို့ ကျန်းမာရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီပေးသည့် အောက်ဆီဂျင်စက် တပ်ဆင်ဆောင်ရွက်ပြီး၍ လူနာများအား ကုသပေးနေမှုအခြေအနေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကြမ္မာမုန်တိုင်းရောဂါလှိုင်းကြားက မိမိကိုယ်မိမိ ကာကွယ်ခြင်းသည်သာ အရေးကြီးဆုံးဖြစ်ပါသည်

ဒေါက်တာမြတ်မိုး

**ကိုဗစ်-၁၉ ရောဂါဆိုတာ အားလုံးသိတဲ့အတိုင်း အရေးကြုံလာရင် အလွန်ကို ထိန်းချုပ်ရခက်တဲ့ ရောဂါဆိုးကြီးတစ်ခုပါ။**

ဘယ်ရောဂါပဲဖြစ်ဖြစ် ကိုယ်ကိုယ်တိုင် မထိန်းချုပ်နိုင်ရင်၊ မကာကွယ်နိုင်ရင် ဆိုးရွားတဲ့ နောက်ဆက်တွဲတွေ များစွာကို ရင်ဆိုင်ရနိုင်တယ်ဆိုတာ ယခု ကိုဗစ်-၁၉ က လက်တွေ့သက်သေပြနေပါပြီ။ အရေးအကြောင်းဆို ကိုယ့်ကိုယ်ကိုယ်ပဲ အရင်ကာကွယ်ရမှာမဟုတ်လား။ Positive ပြပြီး ဝေဒနာခံစားနေရသူအဖို့၊ ကိုယ့်မိသားစုထဲက ဖြစ်လာရင် ဘယ်လိုစီမံရမလဲ၊ ဆေးရုံသွားဖို့၊ ဆေးခန်းပြဖို့၊ ဆေးဝယ်ဖို့ကအစ အခက်အခဲတွေ ကြုံရတတ်ပါတယ်။

နိုင်ငံတော်အနေနဲ့က ထိန်းချုပ်ကုသရေးအစီအစဉ်တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေသော်လည်း ပြည်သူ့ဆေးရုံတွေ အားလုံးလောက်နီးပါး ကိုဗစ်လူနာတွေနဲ့ပဲ ပြည့်နေတော့ ပြည်သူတွေအနေနဲ့ ယာယီကုသရေးစင်တာတွေမှာပဲ Waiting list စောင့်ပြီးမှ ကုသရေးဆေးရုံတွေမှာ ဆက်လက်ကုသမှုခံယူရမယ့်အနေအထားဖြစ်ပါတယ်။ ဒီအခါမှာ လူနာဟာ ရောဂါအခြေအနေအရပဲဖြစ်ဖြစ်၊ မိသားစုအနေအထားအရပဲဖြစ်ဖြစ် အိမ်မှာပဲစောင့်ကုရတဲ့ အခြေအနေတွေရှိလာနိုင်ပါတယ်။ ဒီလို ကိုယ့်အိမ်မှာပဲ သီးခြားနေရတဲ့အခါ မိမိကိုယ်မိမိ ဘယ်လိုကာကွယ်စောင့်ရှောက်ကုသရမလဲ၊ ဒီရောဂါဆိုးကြီးကို ဘယ်လိုရင်ဆိုင်ကျော်လွှားနိုင်မလဲ ဆောင်ရန် ရှောင်ရန်လေးတွေကို စဉ်းစားရင်းနဲ့ပဲ အခုလို ရေးသားဖြစ်သွားတာပါ။

## သံသယဖြစ်လျှင်သီးခြားနေထိုင်ကာကွယ်ပါ

အရေးကြီးတဲ့တစ်ချက်က ကိုဗစ်-၁၉ ကူးစက်ခံရသူနဲ့ ထိတွေ့ဖူးတယ်၊ အလွန် နီးနီးစပ်စပ်နေဖူးလို့ ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်ပြီဆိုတာနဲ့ ကိုယ်နဲ့လည်း ထိတွေ့ဖူးခဲ့သူတွေကို ပြန်စိစစ်ရပါမယ်၊ ဗိုင်းရပ်စ်ပိုးသည် ကိုယ့်ဆီကတစ်ဆင့် တခြားသူတွေဆီ ကူးနိုင်တဲ့အခြေအနေကို အချိန်မီရပ်တန့်ဖို့ပဲ ဖြစ်ပါတယ်။ ပိုးရှိ / မရှိ Test စစ်ဖို့ စုံစမ်းရပါမယ်၊ Test စစ်ဖို့ မလွယ်ရင်တော့ ရုံးလည်းမသွား၊ ကျောင်းလည်းမသွား၊ လူစုလူဝေးရှိတဲ့နေရာ ဘယ်မှ မသွားတော့ဘဲ အိမ်မှာပဲ ၁၄ ရက်တော့ အနည်းဆုံး နေသင့်ပါပြီ။


ကိုယ့်အိမ်မိသားစုနဲ့လည်း ခပ်ခွာခွာနေရပါတော့မယ်။ အခုရင်ဆိုင်နေရတဲ့ ကိုဗစ် မျိုးကွဲတွေက ပြန့်တာ၊ ကူးတာအလွန်မြန်တော့ အတော်သတိထားပြီး ဝေးဝေးနေသင့်ပါတယ်။ အိမ်မှာနေရင်တော့ သံသယရှိသူအနေနဲ့ သီးခြားအခန်းနဲ့ မနေနိုင်ရင် Face mask ကို အမြဲတပ်ထားတာ အကောင်းဆုံးပါပဲ။ အထူးသဖြင့် မိမိက ကာကွယ်ဆေးမထိုးရသေးသူ သို့မဟုတ် အပြည့်အဝ မထိုးရသေးသူဆိုရင်တော့ Mask ကို စနစ်တကျနဲ့ တပ်ဆင်ဖို့လိုပါတယ်။

လက်ကိုလည်း ဆပ်ပြာ၊ Hand gel တို့နဲ့ အမြဲလိုလို စနစ်တကျ ဆေးပေးနေရပါမယ်။ ကိုယ်နေတဲ့ အိမ်အခန်းကိုလည်း လေဝင်လေထွက်ကောင်းအောင် ပြတင်းတံခါးတွေ အမြဲဖွင့်ထားသင့်တယ်။ ဒါမှ ပြင်ပလေလည်းရပြီး လေမှာပါတဲ့ အောက်ဆီဂျင်ကို အပြည့်အဝ ရှိုက်ရှူနိုင်မှာဖြစ်ပါတယ်။ ကိုယ်က သီးခြားအခန်းရှိလို့ ခုတင်တွေ ရှိရင်လည်း တစ်ခုနဲ့တစ်ခု အနည်းဆုံးတော့ တစ်မီတာ အကွာခန့် ခွာထားသင့်ပါတယ်။ အိမ်မှာ နေစဉ် တစ်လျှောက်လုံးတော့ ရောဂါလက္ခဏာတွေကို အမြဲစောင့်ကြည့်ပေါ့။ ရောဂါလက္ခဏာတွေကြည့်ပြီး မစိုးရိမ်ဖို့၊ ဖိစီးမှုမများဖို့တော့လိုပါတယ်။

**ဒီလိုနေရင်း ထိုင်ရင်း၊ စောင့်ကြည့်ရင်းကပဲ အန္တရာယ်များတဲ့ ရောဂါလက္ခဏာတစ်ခုခု တွေ့ကြုံခံစားလာရရင်တော့ ဥပမာ- အသက်ရှူရခက်တာ၊ မောတာ၊ စကားတောင် ကောင်းကောင်းမပြောနိုင်တော့တာ၊ မလှုပ်ရှားချင်တော့တာ၊ ဂဏာမငြိမ်ဖြစ်ပြီး ရင်ဘတ်က တောက်လျှောက်အောင့်လာတာမျိုးတွေ၊ အိပ်မရတာမျိုး၊ မိမိခန္ဓာအရေပြားက ဖြူဖတ်ဖြူရော်ဖြစ်လာရင်၊ လက်သည်းတွေ၊ နှုတ်ခမ်းတွေ ပြာနှမ်းနှမ်းဖြစ်လာရင် စသဖြင့် ဒီလိုလက္ခဏာတွေပြလာရင် ဆေးရုံမှာ ပြသကုသမှု ခံယူဖို့ မနှောင့်နှေးသင့်တော့ပါဘူး။ ဒီအခါမှာ ကိုယ့်ရဲ့တိုင်ပင်ဖော်တိုင်ပင်ဖက် မိတ်ဆွေသူငယ်ချင်း၊ ကိုယ့်အပေါ်အကောင်းမြင် အားပေးတတ်သူရဲ့ နှစ်သိမ့်စကား အကြံပြုစကားတွေဟာ ကိုယ့်အတွက်တော့ အားဆေးတစ်ခွက်ဖြစ်တဲ့အတွက် မိမိရဲ့ အားပေးတတ်သူရဲ့ အကြံဉာဏ်တွေကိုလည်း ရယူသင့်တယ်လို့ဆိုချင်ပါတယ်။**

**ကိုဗစ်လူနာရှိနေက ဘယ်လိုကာကွယ်စောင့်ရှောက်ရမလဲ**

ဒီလိုပါပဲ။ အိမ်မှာ ကိုဗစ်လက္ခဏာရှိနေသူ သို့မဟုတ် ကိုဗစ်အဖြေသိပြီးသူများအတွက် ဆောင်ရန်ရှောင်ရန်တွေ အရေးကြီးသလို သူတို့ကို ပြုစုပေးရသူကလည်း မိမိကိုယ်မိမိ ကာကွယ်ဖို့ အလွန်အရေးကြီးပါတယ်။ လူနာကို အနီးကပ် ပြုစုရသူကိုယ်တိုင်လူနာနဲ့အတူ Stay home နေရပါမယ်။ တစ်ခုပိုသွားတာက အနီးကပ် မပြုစုရသူအနေနဲ့ကတော့ လိုအပ်တဲ့ စားစရာသောက်စရာကို ဝယ်ခြမ်းနေရသူဆိုရင် အပြင်မှာ ပိုးဖြန့်မိသူမဖြစ်ဖို့ အထူးဂရုစိုက်ရပါမယ်။ သူ့အနေနဲ့ ပတ်ဝန်းကျင်အတွက် တာဝန်ရှိတယ်လို့ ခံယူရပါမယ်။










မိသားစုထဲက တစ်ဦးဦးကို ပြုစုရတဲ့အဆင့် ရောက်ပြီဆိုတာနဲ့ အရေးကြီး စုဆောင်းထားရမှာက ဆေးဝါးတွေပါပဲ။ ဖျားနာအကိုက်အခဲ သက်သာတဲ့ဆေး၊ နှာစေးပျောက်တဲ့ဆေး၊ ကိုယ်ခံအားကောင်းတဲ့ဆေးတွေ အနည်းဆုံးတော့ စီဗစ်စားဆေး၊ အားဆေး စသည်ဖြင့် ဆောင်ထားသင့်တဲ့ဆေးတွေကို မိသားစု ဆရာဝန်တစ်ဦးဦးနဲ့ တိုင်ပင်ပြီး ဝယ်ယူစုဆောင်းထားသင့်ပါတယ်။ ဆေးဝါးအပြင် အောက်ဆီဂျင်တိုင်းစက်၊ အဖျားတိုင်း ကိရိယာ စသည်ဖြင့် တစ်ခုစီတော့ လိုအပ်ရင် သုံးနိုင်အောင် အိမ်မှာဆောင်ထားစေချင်ပါတယ်။ အမြဲ တိုင်းနေဖို့တော့ မလိုပါဘူး။ အောက်ဆီဂျင် တိုင်းပုံတိုင်းနည်း၊ အောက်ဆီဂျင် ကျရင် ဘယ်လိုပုံစံအနေအထားနဲ့ နေရမလဲ၊ ဘယ်လိုမှောက်အိပ်သင့်သလဲ စတဲ့ နည်းလမ်းတွေ အားလုံး အင်တာနက်၊ လူမှုမီဒီယာတွေကတစ်ဆင့် အသေးစိတ် ရှာဖွေလေ့လာကြည့်လို့ရပါတယ်

**“ ဒီလိုနေရင်း ထိုင်ရင်း၊ စောင့်ကြည့်ရင်းကပဲ အန္တရာယ်များတဲ့ ရောဂါလက္ခဏာတစ်ခုခု တွေ့ကြုံခံစားလာရရင်တော့ ဥပမာ- အသက်ရှူရခက်တာ၊ မောတာ၊ စကားတောင် ကောင်းကောင်းမပြောနိုင်တော့တာ၊ မလှုပ်ရှားချင်တော့တာ၊ ဂဏာမငြိမ်ဖြစ်ပြီး ရင်ဘတ်က တောက်လျှောက်အောင့်လာတာမျိုးတွေ၊ အိပ်မရတာမျိုး၊ မိမိခန္ဓာအရေပြားက ဖြူဖတ်ဖြူရော်ဖြစ်လာရင်၊ လက်သည်းတွေ၊ နှုတ်ခမ်းတွေ ပြာနှမ်းနှမ်းဖြစ်လာရင် စသဖြင့် ဒီလိုလက္ခဏာတွေပြလာရင် ဆေးရုံမှာ ပြသကုသမှု ခံယူဖို့ မနှောင့်နှေးသင့်တော့ပါဘူး။ ဒီအခါမှာ ကိုယ့်ရဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက် မိတ်ဆွေသူငယ်ချင်း၊ ကိုယ့်အပေါ် အကောင်းမြင် အားပေးတတ်သူရဲ့ နှစ်သိမ့်စကားအကြံပြုစကားတွေဟာ ကိုယ့်အတွက်တော့ အားဆေး တစ်ခွက်ဖြစ်တဲ့အတွက် မိမိရဲ့ အားပေးတတ်သူရဲ့ အကြံဉာဏ်တွေကိုလည်း ရယူသင့်တယ်လို့ဆိုချင်ပါတယ်”**


## အိမ်မွေးတိရစ္ဆာန်ပါသတိထား


နောက်အရေးကြီးတာတစ်ခုက မိမိအိမ်မှာ အိမ်မွေးတိရစ္ဆာန်တွေများ မွေးထားပါသလား၊ မွေးထားရင် ဂရုစိုက်ပေးပါ။ ပိုးရှိသူနဲ့ထိတွေ့တဲ့အခါ အိမ်မှာမွေးထားတဲ့ သတ္တဝါကတစ်ဆင့် ကူးစက်နိုင်ခြေရှိနေတဲ့အတွက်ဖြစ်ပါတယ်။ အိမ်မွေးတိရစ္ဆာန်နဲ့ မထိတွေ့မိစေဖို့ ရှောင်ရမှာဖြစ်သလို မလိုအပ်ဘဲ အိမ်လာ‌ဧည့်သည်တွေ အဝင်အထွက်မရှိပါစေနဲ့လို့လည်း မှာချင်ပါတယ်။ နောက်တစ်ချက်က လူနာသုံးပြီး အသုံးအဆောင် ခွက်တွေ၊ ပန်းကန်တွေဆိုရင် လက်အိတ်ဝတ်ပြီး ဆပ်ပြာနဲ့ ရေနွေးနဲ့သာ ဆေးကြောသန့်စင်ပစ်ပါ။ ဆေးကြောပြီးလို့ မိမိလက်အိတ်ချွတ်ပြီးတာနဲ့လည်း ကိုယ့်လက်ကို ဆပ်ပြာ၊ ရေနွေးနဲ့ ဆေးကြောပစ်ရပါမယ်။ လက်ဆေးရာမှာ အကောင်းဆုံးက ခဏခဏဆေးဖို့နဲ့ အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါတဲ့ လက်ဆေးဂျယ်လ်နဲ့ဆေးရင် မိမိလက်ကို ခြောက်သွေ့တဲ့အထိ ဆေးပါလို့ အကြံပြုပါရစေ။ အသုံးအဆောင်တွေကို အတူ မျှဝေသုံးစွဲဖို့တော့ လုံးဝစိတ်ကူးမရှိပါနဲ့။ ဒါဟာ ရှောင်ရမယ့် အဓိက အချက်များမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။


## နာတာရှည်ရောဂါသည်တွေရှိနေရင် ပိုဂရုစိုက်ပါ

ဒီအချက်တွေဟာ အသက်အရွယ်ကြီးရင့်နေသူတွေ၊ ဆီးချို၊ နှလုံး၊ သွေးတိုး၊ ကင်ဆာ စတဲ့ နာတာရှည်ရောဂါသည်တွေမှာဆို အထူးဂရုစိုက်ရပါမယ်။ ဒီလို နာတာရှည်ရောဂါသည်တွေမှာ ကိုဗစ်အန္တရာယ် ဖြစ်နိုင်ခြေပိုများတဲ့အတွက် ဖြစ်ပါတယ်။ လိုအပ်ရင် ယခင်ပြသနေတဲ့ ဆရာဝန်တွေရဲ့ အကြံပြုချက်ကို ရယူသင့်ပါတယ်။ အထူးသဖြင့် မိမိကိုယ်တိုင်ရော၊ အန္တရာယ်ဖြစ်နိုင်ခြေရှိသူတွေအတွက်ပါ စဉ်းစားပြီး ပါးစပ်၊ နှာခေါင်းစည်းကို အလေးထား အသုံးပြုဖို့ပါပဲ။ ဒ့ါအပြင် လိုအပ်ပါက ပါးစပ်၊ နှာခေါင်းစည်းနှစ်ထပ်၊ မျက်နှာအကာနဲ့ ခေါင်းစွပ်များကိုပါ အသုံးပြုကာကွယ်သင့်ပါတယ်။ ဒီနေရာမှာ ပါးစပ်၊ နှာခေါင်းစည်းကို ဝတ်ဆင်ရာမှာ အချို့သူတွေအတွက်တော့ အကန့်အသတ်ရှိနိုင်ပါတယ်။ အထူးသဖြင့် အသက် ၂ နှစ်အောက် ကလေးငယ်တွေနဲ့ အသက်ရှူရခက်နေသူတွေ၊

*စာမျက်နှာ ၁၁ သို့*








*စာမျက်နှာ ၁၀ မှ*

တပ်ထားတဲ့ နှာခေါင်းစည်းကို အကူအညီမပါဘဲ ပြန်ဖြုတ်ဖို့ အခက်အခဲရှိသူတွေအတွက်တော့ မတတ်ဘဲနေတာက ပိုသင့်ပါလိမ့်မယ်။

### မိမိနဲ့အတူနေအိမ်သားတွေကိုလည်း အမြဲသတိပေးကြပ်မတ်နေပါ


အခြေအနေအရ မိမိအိမ်မှာပဲ သီးခြားနေရတဲ့ အခိုက်အတန့်မှာ လက်အိတ်ဝတ်ဖို့လည်း ဝန်မလေးပါနဲ့လို့ သတိပေးချင်ပါတယ်။ ရောဂါရှိသူ၊ သံသယဖြစ်ခံရသူရဲ့ အသုံးအဆောင်တွေကို ကိုင်တိုင်းလက်အိတ်ဝတ်သင့်ပါတယ်။ သူတို့ရဲ့ခန္ဓာကိုယ်က ထွက်တဲ့ အရည်တွေ၊ ချွဲ အန်ဖတ် စတဲ့ အညစ်အကြေးတွေနဲ့ မထိတွေ့မိအောင် ဂရုပြုကာကွယ်တဲ့အနေနဲ့ လက်အိတ်ဝတ်ရမှာပါ။ ဝတ်ပြီးလက်အိတ်တွေ၊ Mask တွေကိုတော့ သီးခြားအမှိုက်ပုံးထားပြီး စွန့်ပစ်သင့်ပါတယ်။

ပြီးရင်တော့ မိမိလက်ကို ပြန်လည်ဆေးကြောသန့်စင်ဖို့ မမေ့ပါနဲ့။ အန္တရာယ်ရှိတဲ့ပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲပြီးတိုင်း မိမိမျက်စိ၊ နှာခေါင်း၊ ပါးစပ်စတဲ့ အစိတ်အပိုင်းတွေကို မကိုင်မိ မထိမိအောင် သတိထားဖို့လည်း လိုပါတယ်။ နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ ခပ်ခွာခွာနေရတဲ့ ကာကွယ်မှုတွေကို တခြားအိမ်သားတွေပါ လိုက်နာလုပ်ဆောင်အောင်လည်း သတိပေးပြောပြ ကြပ်မတ်ပေးနေရပါမယ်။ ကိုယ်ကတော့ တိတိကျကျ လိုက်နာပါရဲ့၊ တခြားမိမိအိမ်သားတွေက မလိုက်နာဘူးဆိုရင်လည်း ကာကွယ်မှုက မထိရောက်ပါဘူး။

### ထိတွေ့မှုများတဲ့မျက်နှာပြင်တွေ ပိုးသတ်ဖို့လည်း မမေ့ပါနဲ့

နောက်ထပ် ကာကွယ်ရမယ့်အချက်က ကိုယ့်အိမ်ကြမ်းခင်းတွေ၊ လက်ကိုင်ဖုန်းတွေ၊ တံခါးတွေ၊ လက်ကိုင်လက်ရန်းတွေ၊ ဖုန်းတက်ဘလက်တွေ၊ ရီမုတ်တွေ စသဖြင့် ထိတွေ့မှုများတယ်၊ ညစ်ပတ်တယ်လို့ ထင်ရတဲ့နေရာတိုင်းကို ပိုးသတ်ဆေးရည်၊ ချေးချွတ်ဆေး တစ်မျိုးမျိုးနဲ့ ပက်ဖျန်းပြီး ပိုးသတ်ထားသင့်တယ် ဆိုတာပါပဲ။ ကိုယ့်အိမ်မှာ လူနာပဲ ဖြစ်ဖြစ်၊ သံသယပဲဖြစ်ဖြစ်ရှိနေပြီဆိုရင် သုံးတဲ့အသုံးအဆောင်တိုင်းမှာ ပိုးမွှားတွေ ကပ်ငြိနေနိုင်တယ်ဆိုတာ သိရှိထားပြီးဖြစ်ရပါမယ်။

ဘာကြောင့်လဲဆိုတော့ ချောင်းဆိုး၊ နှာချေ၊ စကားပြော၊ အထိအတွေ့ စသဖြင့် လှုပ်ရှားမှုတိုင်းက ကျလာတဲ့ ဗိုင်းရပ်စ်အမှုန်အမွှားတွေဟာ ကိုယ့်ဝန်းကျင်နဲ့ မိမိကိုင်တွယ်သုံးစွဲတဲ့ ပစ္စည်းတိုင်းမှာ ပျံ့နှံ့နေပြီးသား ဖြစ်လို့ပါပဲ။ နေ့စဉ် ဒါမှမဟုတ် ကိုယ့်အိမ်ကို ဧည့်သည်လာပြီးတိုင်း ပက်ဖျန်းဆေးကြောထားသင့်ပါတယ်။ ပိုးသတ်ဆေးအမျိုးအစားတချို့ကိုတော့ နီးစပ်ရာကိုယ့်ဝန်းကျင်ဈေးကွက်မှာ အလွယ်တကူဝယ်လို့ရနိုင်ပါတယ်။ ဘာမှမရနိုင်ရင်တော့ ကိုယ်သုံးနေတဲ့ အယ်လ်ကိုဟောစပရေး၊ အရက်ပြန်နဲ့ပဲ သုံးလို့ရပါတယ်။ နောက်ဆုံး ဆပ်ပြာရေနွေးအသုံးပြုပြီးလည်း တိုက်ချွတ်ဆေးကြောသန့်စင်နိုင်ပါတယ်။ ရွေးချယ်ရမယ့် ပိုးသတ်ဆေးအမျိုးအစားအနေနဲ့တော့ အသုံးပြုမယ့် မျက်နှာပြင်နဲ့ သုံးတဲ့ပစ္စည်းအခြေအနေအပြင် ရောဂါကူးစက်ပျံ့နှံ့မှုနဲ့ အန္တရာယ်ရှိနိုင်မှု အခြေအနေတွေအပေါ် မူတည်ပါတယ်။ ဆေးချွတ်ရာမှာသုံးတဲ့ Bleaching အမှုန့်နဲ့ အရည်အမျိုးအစား၊



ဒက်တောလ် (Dettol) စတဲ့ အမျိုးအစားတွေကတော့ အလွယ်တကူ လက်လှမ်းတမီ ဝယ်လို့ရနိုင်တဲ့ပစ္စည်းတွေပါပဲ။

### အသက်ရှူလေ့ကျင့်ခန်းကို သတိပြုလုပ်ဆောင်ပါ

အခြေအနေအရ အောက်ဆီဂျင်နဲ့ ဆေးဝါးတွေကို ဘယ်လိုပဲအားကိုးနေရပါစေ၊ ဗိုင်းရပ်စ်ရဲ့ အဆုတ်အပေါ် သက်ရောက်မှုနည်းနိုင်သမျှနည်းအောင်ရယ်၊ ဗိုင်းရပ်စ်ကြောင့် မိမိသွေးထဲမှာ ဆုံးရှုံးသွားရတဲ့ အောက်ဆီဂျင်ပြန်မြင့်တက်ဖို့နဲ့ ဒဏ်ထိထားတဲ့ အဆုတ်ပြန်လည်အားကောင်းလာအောင် အသက်ရှူလေ့ကျင့်ခန်းတစ်ခုခုတော့ ရောဂါမဖြစ်ခင်ရော ဖြစ်နေစဉ်မှာရော ဖြစ်ပြီးအချိန် လနဲ့ချီပြီးပါ အချိန်ယူလေ့ကျင့်ရပါမယ်။ ကိုဗစ်ဗိုင်းရပ်စ်ရဲ့ အဓိက တိုက်ခိုက်ခံရတဲ့အင်္ဂါတွေက အဓိက အသက်ရှူလမ်းကြောင်းနဲ့ အဆုတ်ပါ။ ဒါကြောင့် အဆုတ်နဲ့ အသက်ရှူစနစ်အားကောင်းအောင် အသက်ရှူလေ့ကျင့်ခန်းကို မပျက်မကွက်လုပ်ကြဖို့ အလေးအနက် တိုက်တွန်းပါရစေ။ ပါးစပ်ပိတ်ပြီး နှာခေါင်းနဲ့ လေကို ပြင်းပြင်းရှူသွင်းရှူထုတ်ရတဲ့ လေ့ကျင့်အားထုတ်မှုမျိုးကို သတိပြုလုပ်ဆောင်နေခြင်းဟာ အဆုတ်ရဲ့လုပ်ငန်းဆောင်တာကို အားကောင်းစေတဲ့အပြင် ဆုံးရှုံးသွားတဲ့ အောက်ဆီဂျင်ပမာဏကိုလည်း ပြန်လည်မြင့်တက်လာစေတဲ့အတွက် ခံစားနေရတဲ့ စိုးရိမ်စိတ်နဲ့အတူ



မြင့်တက်နေတဲ့ စိတ်ဖိအားတွေလည်း လျော့ကျသွားပါတယ်။ လွန်ကဲနေတဲ့စိုးရိမ်စိတ်ကြောင့် ဖြစ်ရတဲ့ အိပ်လို့မရတဲ့ဝေဒနာလည်း ပပျောက်သွားမယ်လို့ ဆိုနိုင်ပါတယ်။

### ကိုယ်ခံအားကောင်းအောင်နေထိုင်ပြုမူပါ

နောက်ထပ်ပါးချင်တဲ့စကားက ကိုယ့်ကိုယ်ကိုယ် ခုခံအားကောင်းအောင် နေထိုင်ပြုမူလုပ်ရှားဖို့ပါ။ စိတ်ဓာတ်မကျပါနဲ့၊ မလိုအပ်ဘဲ အစိုးရိမ်မကြီးပါစေနဲ့။ အာဟာရပြည့်အောင်နေပါ။ လန်းဆန်းစိမ်းစိုတဲ့အသီးအရွက် များများစားပေးပြီး ခန္ဓာထဲ အရည်များများဝင်ပါစေ။ ပဲ၊ ပြောင်း၊ ဂျုံ အာလူးအကုန်စားလို့ရပါတယ်။ အသား၊ ငါး၊ နို့ ဘာမှ မချန်ပါနဲ့။ ဒီအချိန်မှာ ကိုယ်ခံအားကောင်းစေ တဲ့ အစားအစာတွေဆီ ပိုအာရုံရောက်ဖို့လိုပါတယ်။

လိမ္မော်သီး၊ စပျစ်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ မုန်လာဥ၊ မုန်လာရွက်၊ ပန်းမုန်လာ၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ/နီတို့ကတော့ ဒီအချိန်မှာ တကယ့်အားကိုးရတဲ့ အစားအစာတွေပါ။ အစာလည်းဆေး ဆေးလည်းအစာဆိုသလို ထိထိရောက်ရောက် စားသောက်စေချင်ပါတယ်။ အချိုသကြားကိုတော့ အကန့်အသတ်နဲ့ လျှော့သုံးစေလိုပါတယ်။ အချို့ဆေးဝါးတွေကတော့ ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အရ တိတိကျကျ သုံးစွဲရမယ့်ဆေးတွေဖြစ်လို့ ရမ်းသမ်းမသုံးသင့်ပါဘူး။ အန္တရာယ်ရှိပါတယ်။ အောက်ဆီဂျင်လည်း ထိုနည်းတူပါပဲ။ လိုတာထက်ပိုသုံးမိရင် အန္တရာယ်ကြီးပါတယ်။ သတိထားသင့်တဲ့ အရာတွေပါ။

### ဘာသာတရားကိုလည်း လုံးဝမမေ့ပါနဲ့

အလွန်အရေးကြီးတဲ့ နောက်ဆုံးအချက်ကတော့ ဘာသာရေးကို ထက်ထက်သန်သန် အားထုတ်ဖို့ဖြစ်ပါတယ်။ ကိုဗစ်ထက် ကြောက်စရာကောင်းတာက မိမိရဲ့ကြောက်စိတ်ပါပဲတဲ့။ Corona phobia လို့တောင် ခေါ်ပါတယ်။ ကြောက်ခြင်း၊ စိုးရိမ်ခြင်းဟာ မိမိရဲ့ကိုယ်ခံအားကို ကျဆင်းစေပြီး အောက်ဆီဂျင်ပမာဏကိုပါ ကျသွားစေတတ်ပါတယ်။ ကြောက်စိတ်ကိုတွန်းလှန်ဖို့ တစ်ပါးသူရဲ့ အကြံဉာဏ်နဲ့ အကူအညီကို လိုအပ်သလို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဓမ္မအစွမ်းသတ္တိကိုလည်း ရယူကျင့်ကြံ အားထုတ်ဖို့လိုပါတယ်။

ဒါကြောင့် အိမ်မှာ နေ့စဉ် ပရိတ်ပဋ္ဌာန်း တရားတော်တွေကို ရွတ်ဖတ်နာယူပေးကြပါ။ မြင့်မြတ်သန့်ရှင်းတဲ့ သူတော်စင်ပုဂ္ဂိုလ်တွေရဲ့ ဓမ္မအကာအကွယ်ကို ရယူပြီး သူတော်ကောင်းတို့ရဲ့ တရားလမ်းညွှန်ချက်တွေကို သဒ္ဓါတရား ပြည့်ပြည့်ဝဝနဲ့ ရယူနိုင်တာဟာ ကိုယ့်အတွက် စိတ်ဓာတ်စွမ်းအားတွေ ရရှိသွားတာပဲဖြစ်လို့ ကိုယ်ကြုံရမယ့် ဒုက္ခဘေးက လွတ်မြောက်နိုင်ပါတယ်။ ကိုယ့်ရဲ့သဒ္ဓါတရားနဲ့ ကိုယ့်ရဲ့ယုံကြည်ချက်အပေါ်မှာတော့ မူတည်တာပေါ့လေ။ လူတိုင်းအပေါ် ကျရောက်လာတတ်တဲ့ လောကဓံကို ကိုယ်က ဘာခွက်နဲ့ခံမလဲဆိုတာမှာပဲ မူတည်ပါတယ်။ အရေးကြီးတာက ကို့ယ်ရဲ့ခံယူချက်ပါပဲလို့ ဆိုပါရစေ။

အထက်ပါအချက်အားလုံးဟာ အိမ်မှာပဲ သီးခြားနေရစဉ် နိစ္စဓူဝ လိုက်နာကျင့်ကြံ ဆောင်ရွက်သင့်တဲ့အချက်တွေပဲဖြစ်ပါတယ်။ မိမိကိုယ်တိုင် ဘက်ပေါင်းစုံကနေ ဟာကွက်ယိုကွက်မရှိအောင် စဉ်းစားပြီး ကာကွယ်နေရမယ့်သဘောပါပဲ။ ဒါမှလည်း ကိုဗစ်ရန်က အကောင်းဆုံး ပြန်လည်ရုန်းထွက်နိုးထနိုင်မှာ ဖြစ်ပါတယ်။ မဖြစ်ခင် မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သလို ကိုယ့်ကိုယ်ကိုယ် ကာကွယ်ထားမှသာလျှင် တခြားသူတွေအတွက်လည်း အကာအကွယ်ပြုရာ၊ စောင့်ရှောက်ပေးရာရောက်မှာ ဖြစ်ပါတယ်။ မိမိကိုယ်မိမိ ကာကွယ်ခြင်းသည်ပင် အများအတွက် အများနဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည် မဟုတ်ပါလား။

"အားလုံးသော ဝေနေယျသတ္တဝါတွေ"

"သောက ဘေးကင်း ရန်ကွာဝေး၍ ကျန်းမာချမ်းသာကြပါစေ"


- **နောက်ထပ် ကာကွယ်ရမယ့်အချက်က ကိုယ့်အိမ်ကြမ်းခင်းတွေ၊ လက်ကိုင်ဖုန်းတွေ၊ တံခါးတွေ၊ လက်ကိုင်လက်ရန်းတွေ၊ ဖုန်းတက်ဘလက်တွေ၊ ရီမုတ်တွေ စသဖြင့် ထိတွေ့မှုများတယ်၊ ညစ်ပတ်တယ်လို့ ထင်ရတဲ့နေရာတိုင်းကို ပိုးသတ်ဆေးရည်၊ ချေးချွတ်ဆေး တစ်မျိုးမျိုးနဲ့ ပက်ဖျန်းပြီး ပိုးသတ်ထားသင့်တယ် ဆိုတာပါပဲ။ ကိုယ့်အိမ်မှာ လူနာပဲ ဖြစ်ဖြစ်၊ သံသယပဲဖြစ်ဖြစ်ရှိနေပြီဆိုရင် သုံးတဲ့အသုံးအဆောင်တိုင်းမှာ ပိုးမွှားတွေ ကပ်ငြိနေနိုင်တယ်ဆိုတာ သိရှိထားပြီးဖြစ်ရပါမယ်**

# ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေသည့် ကျော်ဇင်ထွန်း(ခ)သေတ္တာအပါအဝင် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

အကြမ်းဖက်အဖွဲ့များ အဖြစ်ကြေညာထားသော CRPH၊ NUG အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကျရောက်နေသည့်ကာလများ၌ပင် ပြည်သူလူထုအပေါ် စာနာထောက်ထားမှုမရှိဘဲ ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံအားပေးသူများဖြင့် တရားမဝင်အကြမ်းဖက်အဖွဲ့များ ဖွဲ့စည်း၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်ကာ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ အပါအဝင် အစိုးရပိုင်အဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းဖြင့်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ်ဆောင်ရွက်လျက် ရှိသည်။

ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေသည့် ကျော်ဇင်ထွန်း(ခ) သေတ္တာ အပါအဝင် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရရှိမှု




**ဖမ်းဆီးရမိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် KNLA တပ်မဟာ (၅) နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဖွင့်လှစ်ခဲ့သည့် ခင်ကျော် (UNRA)၏ ဆက်စပ်တရားခံဖြစ်သော **ကျော်ဇင်ထွန်း (ခ) သေတ္တာ၊ ဝိုင်းတူးခန့်နှင့် ပြည့်ပြည့်ချို** တို့ သုံးဦးကို ယာဉ်မောင်း **စောသိုက်** မောင်းနှင်သော ပရိုဘောက်ယာဉ်နှင့်အတူ ကျိုက်ထိုမြို့နယ် မရမ်းချောင် စစ်ဆေးရေးဂိတ်၌လည်းကောင်း၊ အဆိုပါဖောက်ခွဲရေး သင်တန်းဆင်းလာသူများကို သွားရောက် ခေါ်ဆောင်ပေးရန် စေခိုင်းသူ **စောလွိုက်** ကို မရမ်းကုန်းမြို့နယ်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ **ဖြိုးဝေလှိုင်နှင့် ထက်အောင်ရင်** တို့ကို မရမ်းကုန်းမြို့နယ်တွင် လည်းကောင်း၊ **အောင်ကျော်ဦး** ကို လှိုင်သာယာမြို့နယ်တွင် လည်းကောင်း၊ ဖမ်းဆီးရမိခဲ့ပြီး **ရဲလင်းထွန်းနှင့် သက်လွင်ဦး** တို့ကို ဇူလိုင် ၁၇ ရက်တွင် လမ်းမတော်မြို့နယ်၌လည်းကောင်း၊ ဖောက်ခွဲရေး သင်တန်းတက်ခဲ့သူ **မင်းမင်း** ကို ဇူလိုင် ၁၈ ရက်တွင် လှိုင်သာယာမြို့နယ်၌ လည်းကောင်း၊ **စည်သူအောင်** ကို အင်းစိန်မြို့နယ်၌ လည်းကောင်း၊ စည်သူအောင်၏ ထွက်ဆိုချက်အရ **ခွန်ဆက်နိုင်၊ ပြည့်စုံအောင်၊ ရဲရင့်အောင်နှင့် အောင်ကိုသန်း** တို့ လေးဦးကို ဇူလိုင် ၁၉ ရက်တွင် အင်းစိန်မြို့နယ်၌ လည်းကောင်း၊ **ကြည်နောင်၊ အောင်စိုးမင်းနှင့် အေးအေးမွန် (ခ) အိအိဆွေ** တို့ သုံးဦးကို ဇူလိုင် ၂၀ ရက်တွင် ကမာရွတ်မြို့နယ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကြည်နောင်၏ ထွက်ဆိုချက်အရ ကမာရွတ်မြို့နယ်ရှိ ၎င်းနေထိုင်ရာ အခန်းအတွင်းမှ ဖောက်ခွဲရေးပစ္စည်း ပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်း၊ ကန့်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ **စည်သူ၊ သာထူးကျော်၊ ကျော်ဆန်းဦး နှင့် အောင်ထက်** တို့ လေးဦးကို လက်လုပ်ဗုံး တစ်လုံး၊ စကားပြောစက် တစ်လုံး တို့နှင့်အတူ ဇူလိုင် ၂၁ ရက်တွင် အင်းစိန်မြို့နယ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ တရားခံ ဖြိုးဝေလှိုင်၊ ထက်အောင်ရင်နှင့် ရဲလင်းထွန်း** တို့၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားဖြင့် ထိန်းချုပ်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဇူလိုင် ၁၁ ရက်တွင် ၎င်းတို့ သုံးဦးသည် အင်းစိန်မြို့ ရွှေဝါ (၁) လမ်းနေ အပြစ်မဲ့ ပြည်သူတစ်ဦး၏ အိမ်ရှေ့၌ ရီမုမိုင်း တစ်လုံးဖြင့် လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် ဖြိုးဝေလှိုင်နှင့် ရဲလင်းထွန်း တို့သည် အင်းစိန်မြို့နယ် လျှပ်စစ်ရုံးကို လက်လုပ်ဗုံးဖြင့်လည်းကောင်း၊ ဇူလိုင် ၁၉ ရက်တွင် ထက်အောင်ရင်သည် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ One Stop Mart ဆိုင်ကို လက်လုပ်ချိန်ကိုက်မိုင်းဖြင့် လည်းကောင်း ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဖောက်ခွဲဖျက်ဆီးရန်**

ထိုသို့ အဖျက်လုပ်ရပ်များ ကျူးလွန်နိုင်စေရန် အတွက် နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းနေသူမှာ ဆိုင်းမွန်ဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၇ ရက်တွင် **ဆိုင်းမွန်** နှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့သည့် **ဝေဖြိုးမောင်** တို့ကို လှိုင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့သည်။ ဆိုင်းမွန်၏ ထွက်ဆိုချက်များအရ ရန်ကုန်မြို့တွင်း လူစည်ကားသော နေရာများ ဖောက်ခွဲဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ တိုက်ခန်းတွင် သိုဝှက်ထားကြောင်း သိရှိရသဖြင့် လုံခြုံရေးအဖွဲ့များက အများပြည်သူ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် အဆိုပါနေရာကို သွားရောက်ရှင်းလင်းခဲ့ရာ ရှေ့ထွက် မိုင်း ၄၄ လုံး၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၃၃ လုံး၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

တရားခံ ဆိုင်းမွန်၏ ထွက်ဆိုချက်အရ **သူရိန်မောင်မောင်ဦး** ကို ဖောက်ခွဲရေး ပစ္စည်းများဖြစ်သော ယမ်းပျော့၊ ဒီတိုနေတာ၊ အခြားဆက်စပ်ပစ္စည်းများနှင့် အတူ ဇူလိုင် ၂၅ ရက်တွင် မရမ်းကုန်းမြို့နယ်၌လည်းကောင်း၊ သူရိန်မောင်မောင်ဦး၏ ထွက်ဆိုချက်အရ **တင့်လွင်နှင့် ဖြိုးဝေထွန်း**တို့ နှစ်ဦးကို ဇူလိုင် ၂၈ ရက်တွင် မရမ်းကုန်းမြို့နယ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကျော်ဇင်ထွန်း (ခ) သေတ္တာ အပါအဝင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်သူ စုစုပေါင်း **တရားခံ ၂၈ ဦးကို** ရှေ့ထွက်မိုင်း ၄၄ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၃၃ လုံး၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ ဒီတိုနေတာ ၅၉ ခု၊ စကားပြောစက် တစ်လုံး အပါအဝင် လက်လုပ်မိုင်း/ဗုံး ပြုလုပ်ရာတွင် အသုံးပြုသည့် သံပိုက်၊ ယမ်း၊ ကန့်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

**ထောက်ပံ့ငွေများ ရယူ**

ဖမ်းဆီးရမိတရားခံ **ကျော်ဇင်ထွန်း (ခ) သေတ္တာ** ၏ ထွက်ဆိုချက်အရ သင်တန်းနေရာမှ ပြန်လည်ထွက်ခွာရန် ဂျပန်နိုင်ငံတွင် နေထိုင်သူ ထွန်းအောင်ကျော် (UNRA ဥက္ကဋ္ဌ) ၏ အကူအညီဖြင့် ပြန်လာခဲ့ခြင်းဖြစ်ပြီး အခွင့်သာပါက ၎င်းအနေဖြင့် မန္တလေးမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် ရဲစခန်းများကို ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးများကို ထောက်ပံ့ပေးမည်ဖြစ်ပြီး **ပြည့်ပြည့်ချိုနှင့် ဝိုင်းတူးခန့်** တို့မှလည်း ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်ရန် စီစဉ်ထားကြောင်း၊ **ဖြိုးဝေလှိုင်၊ ထက်အောင်ရင်၊ ရဲလင်းထွန်း**နှင့် **မင်းမင်း** တို့သည် အင်းစိန်မြို့နယ်အတွင်းရှိ ဂျပန်လမ်းမှ ဦးပိုင်ကားဝင်း၊ စီးပွား/ကူးသန်းရုံးနှင့် One Stop Mart စတိုးဆိုင်များကို ဗုံးထောင်ဖောက်ခွဲခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအား လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း၊ ၎င်းတို့အနေဖြင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက်ရောက်ပြီးနောက် ရန်ကုန်မြို့တွင်းသို့ သာမန်အရပ်သားများ အသွင်ဖြင့် ပုန်းလျှိုးနေထိုင်ကာ လူသစ်စုဆောင်းခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်နိုင်ရန်အတွက် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများ ပြုလုပ်စုဆောင်းခြင်းတို့ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အဖွဲ့များစုစည်းမိပါက မြို့တွင်း၌ အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရန် စီစဉ်ထားရှိကြောင်း၊ **ဆိုင်းမွန်** အနေဖြင့် ပြည်ပနိုင်ငံများရှိ အကြမ်းဖက်မှုလိုလားသူများထံမှ ထောက်ပံ့ငွေများရယူ၍ ဖောက်ခွဲဖျက်ဆီးရေး

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

သင်တန်းတက်ရောက်သူများသို့ ထောက်ပံ့မှုများ ပြုလုပ်ခြင်း၊ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်မည့် လက်လုပ်မိုင်းနှင့် လက်လုပ်ဗုံးများကို ချိတ်ဆက်ဝယ်ယူပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

**ဖောက်ခွဲရေးသင်တန်းပေး**

ထို့ပြင် ဖောက်ခွဲဖျက်ဆီးရေး သင်တန်း တက်ရောက်ပြီးသူများကို မြို့နယ်အလိုက် Special Task Force (STF) အား ဖွဲ့စည်းပြီး ဒလန် သတ်မှတ်ထားသည့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လူစည်ကားရာနေရာများနှင့် အစိုးရရုံးများကို ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်နိုင်ရန်အတွက် အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များထံမှ ငွေကြေးထောက်ပံ့မှုများရယူကာ ၎င်းတို့၏ စေခိုင်းမှုအတိုင်း **ဖြိုးဇေယျာသော် (ခ) ဇေယျာသော် (NLD ပါတီမှ ၂၀၁၅ ခုနှစ် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)** မှ ဦးဆောင်စီစဉ်နေခြင်းဖြစ်ကြောင်း၊ **အေးအေးမွန်** အနေဖြင့် ဆန္ဒပြလူငယ်များကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ နယ်မြေတွင် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက်ရောက်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ရန်ကုန်မြို့တွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်သူများကို သင်တန်းပေးစေခြင်း၊ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်/ ဖြန့်ဖြူးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ **သူရိန်မောင်မောင်ဦး** အနေဖြင့် မေ ၅ ရက်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၌ လက်လုပ်မိုင်း တစ်လုံးဖြင့်လည်းကောင်း၊ ဇွန် ၅ ရက်တွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းလမ်းဆုံ City Mart ရှေ့ရှိ ယာဉ်ထိန်းရုံးကို လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံးဖြင့်လည်းကောင်း ဖောက်ခွဲခဲ့ကြောင်း စိစစ်ဖော်ထုတ် သိရှိရသည်။



ကျော်ဇင်ထွန်း (ခ) သေတ္တာ (၂၃) နှစ်









ဆိုင်းမွန်၏ထွက်ဆိုချက် အရ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်းရှိ တိုက်အမှတ်(၄၀/၄၁)မှ သိမ်းဆည်းရမိခဲ့သည့် ရှေ့ထွက်မိုင်း ၄၄ လုံး၊ လက်လုပ်မိုင်း ၃၃ လုံးနှင့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်း ၂၉ မျိုး

**အဓိကပစ်မှတ်ထား သတ်ဖြတ်**

အစွန်းရောက် လူငယ်များ အနေဖြင့် အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များ၏ စေခိုင်းချက်အရ မြို့နယ်အချို့တွင် ပြည်သူလူထုကို ထိခိုက်ပျက်စီးစေရန်၊ မြို့ရွာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်စေရန် ရည်ရွယ်ကာ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အုပ်ချုပ်ရေးမှူးများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ ခင်ကျော် (UNRA) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့နှင့်ချိတ်ဆက်၍ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခြင်း၊ လက်နက်/ ခဲယမ်းများ စုဆောင်းခြင်း၊ အဖျက်လုပ်ငန်းများ လုပ်ဆောင်ရန် လူစုဆောင်းခြင်းများကိုပါ ပြုလုပ်လာသောကြောင့် အကြမ်းဖက်သူများ ခိုအောင်းနေထိုင်လှုပ်ရှားမှု မရှိစေရေးအတွက် လုံခြုံရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်ဖော်ထုတ်ဖမ်းဆီး**

ထို့ပြင်ဆက်စပ် တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေး၊ မြို့ရွာ အမြန်ဆုံး တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် ဖြစ်စဉ်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေနှင့်အညီ ထိရောက်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်၍ ကွင်းဆက် တရားခံများကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာ၌ ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာချင်းဆက် ကွန်ကရစ်တံတားကမ်းကပ်ခုံ ပြိုကျပျက်စီး



**မော်လိုက် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်း ပြီး မိုးကောင်းချောင်းရေတိုက်စားမှုကြောင့် လောင်းကောင်း-ညောင်သပြေကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတား ကမ်းကပ်ခုံ ကျိုးကျနိမ့်ဆင်းမှု ဖြစ်ပွားခဲ့သည်။

"ဒီကနေ့ မနက်ပိုင်းက ဖြစ်သွားတာပါ၊ မိုးကောင်းချောင်းကိုဖြတ်ပြီး လောင်းကောင်း-ညောင်သပြေကျေးရွာချင်းဆက်တံတား တည်ဆောက်ထားတာပါ၊ မိုးရွာတာများပြီး မိုးကောင်းချောင်းကနေ ချောင်းရေကျလာကာ ကျွန်တော်တို့ လောင်းကောင်းကျေးရွာဘက်ခြမ်းမှာရှိတဲ့ ကမ်းကပ်ခုံ အောက်ခြေကို တိုက်စားပြီး ကျိုးကျနိမ့်ဆင်းသွားတာပါ၊ ဒီကျေးရွာချင်းဆက်တံတားကို လောင်းကောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ အသုံးပြုသွားလာနေကြတာပါ" ဟု လောင်းကောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

အဆိုပါ လောင်းကောင်း-ညောင်သပြေကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၃၃၇၀၀၀၀ ဖြင့် နတလဦးစီးဌာနမှ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၊ အရှည်ပေ ၆၀၊ အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၂-၈-၂၀၂၁ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၀၅ ခုမှ Flow meter အခု ၇၇၀၊ Fravir Tablet အခု ၅၀၀၊ Maglumi D-Dimer (CLIA) အခု ၇၀၊ Remdesivir For Injection 100 MG အခု ၁၀၀၈၀၀၊ Oxygen Regulator ၄၃၉ ခု၊ Oxygen Concentrator အခု ၄၀၆၀၊ Oximeter ၆၃၅၆၁ ခု၊ Oxygen Bag အခု ၃၉၀၊ Oxygen Face Mask အခု ၄၇၂၅၀၊ Oxygen Inhalator အခု ၅၀၊ S/P For Oxygen Concentrator ၁၂ ခု၊ Spiro Meter အခု ၃၀၀၊ Sprayer Head အခု ၃၅၀၊ Test Kit အခု ၅၇၀၀၀၊ Themometer အခု ၆၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၃၀၃၉၆ ဒသမ ၆၆ ကီလို၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း) တွင် ကုမ္ပဏီ ၃၆ ခုမှ Examination Glove ၈၀၀၀ ကီလို၊ Surgical Mask အခု ၁၂၁၃၂၀၊ Oxygen Gas ၁၂၀ ဒသမ ၆ $m^3$၊ Liquid Oxygen ၁၈ ဒသမ ၄၃ တန်၊ PPE Gown အခု ၂၃၁၅၀၊ Flow Meter အခု ၁၅၄၀၊ Oxygen Concentrator ၁၉၉ ခု၊ Oxygen Cylinder အခု ၂၆၆၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးသည်းထန် ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ ကျဆင်းလာမှုကြောင့် အများပြည်သူအသုံးပြုသော ကားလမ်းများနှင့် ကျေးရွာအဝင်များတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ ကျဆင်းလာမှုကြောင့် ဘီးလင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၀၂၂ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေသဖြင့် ဘီးလင်းမြို့နယ် ဘိုးလုကြီးရပ်ကွက်အတွင်း အနိမ့်ပိုင်းနေရာများရှိ ရေဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၇၉ ဦးကို ဘိုးလုကြီးရပ်ကွက် ပိန္နဲတောဘုန်းကြီးကျောင်းသို့လည်းကောင်း၊ အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၅၆ ဦးကို မြို့သစ်အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၃၅ ဦးကို ရွှေလေ့ကျေးရွာ မြောက်ကျောင်းဘုန်းကြီးကျောင်းသို့လည်းကောင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ပြောင်းရွှေ့နေရာချထားပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထို့ပြင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နှင့် ရွှေဂွန်းမြို့များရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများနှင့် အနိမ့်ပိုင်းရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့အတွင်းရှိ ပျို့အိုင်ကျေးရွာနှင့် မြေမအုံကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း ရေဘူးများနှင့် စားသောက်ဖွယ်ရာများ သွားရောက်ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံတွင် အပူချိန်မြင့်တက်လာသည့်အတွက် အပူလျှပ်ခြင်း အန္တရာယ်ရှိလာ



**တိုကျို ဩဂုတ် ၂**
ဂျပန်နိုင်ငံတွင် ဩဂုတ်၂ ရက်က အနောက်ပိုင်းမှ မြောက်ပိုင်းအထိ အပူချိန်များ မြင့်မားလျက်ရှိသည်။ အပူလျှပ်ခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြည်သူများ မကြာခဏအနားယူရန်နှင့် အေးမြသည့်နေရာများတွင်နေထိုင်ရန် မိုးလေဝသအာဏာပိုင်များက တိုက်တွန်းထားသည်။ ဂျပန်နိုင်ငံတောင်ပိုင်းမှ ပူနွေးစိုစွတ်သော လေများဝင်ရောက်လာခြင်းကြောင့်လည်း အပူချိန်မြင့်မားစေသည်ဟု မိုးလေဝသ အေဂျင်စီက ပြောသည်။

ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီခွဲအထိ နီဂါတာတွင် အပူချိန် ၃၅ ဒသမ ၇ ဒီဂရီရှိပြီး ကျိုတိုခရိုင်ရှိ မီရာဇုမြို့တွင် ၃၅ ဒသမ ၅ ဒီဂရီ၊ ဖူကူရှီးမားတွင် ၃၃ ဒသမ ၉ နှင့် တိုကျိုမြို့တွင် ၃၃ ဒသမ ၁ ဒီဂရီ ရှိသည်ဟု သိရသည်။ ဩဂုတ် ၂ ရက်မွန်းလွဲပိုင်းတွင် အပူချိန်များ ဆက်လက်မြင့်မားလာနိုင်သည်ဟု မျှော်မှန်းထားသည်။ စိုထိုင်းမှုသိပ်သည်းဆမှာလည်း မြင့်မားလျက်ရှိသည်။ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းမှ အနောက်ပိုင်းအထိ အပူလျှပ်မှုအတွက် သတိပေးချက်များထုတ်ပြန်ထားသည်။

ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အပြင်ထွက်ခြင်းမှရှောင်ရှားရန်၊ အရည်ခဏခဏသောက်ရန်၊ လေအေးပေးစက်အသုံးပြုရန် အပြင်သို့ ထွက်သည့်အခါ လူအချင်းချင်းစိတ်ချရသည့် အကွာအဝေးရှိပါက ပါးစပ်၊ နှာခေါင်းစည်း ခေတ္တဖြုတ်ထားရန်အတွက်လည်း တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## ရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုအတွက် အီရန်ကို အစ္စရေးအပြစ်တင်

**ဂျေရုဆလင် ဩဂုတ် ၂**
လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဖြစ်ပွားခဲ့သည့် ရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုအတွက် ဩဂုတ် ၁ ရက်က အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တလီဘန်းနက်သည် အီရန်ကို အပြစ်တင်ခဲ့သည်။

ဗြိတိန်အခြေစိုက် ကုမ္ပဏီပိုင် သင်္ဘောတွင် ဗြိတိန်နိုင်ငံသား သင်္ဘောသားတစ်ဦးနှင့် ရိုမေးနီးယားနိုင်ငံသား သင်္ဘောသားတစ်ဦးတို့မှာ တိုက်ခိုက်မှုအတွင်းသေဆုံးသွားခဲ့သည်ဟု ကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။ အဆိုပါသင်္ဘောကုမ္ပဏီမှာ အစ္စရေး စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ပူးပေါင်းပါဝင်သည့် ကုမ္ပဏီလည်းဖြစ်သည်ဟု အစ္စရေးမီဒီယာများတွင် ဖော်ပြကြသည်။

### ပါဝင်ပတ်သက်ခြင်းမရှိ

အဆိုပါ တိုက်ခိုက်မှုမှာ အီရန်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဘန်းနက်က သတင်းထောက်များကို ပြောသည်။ အဆိုပါ ရေနံတင်သင်္ဘောတိုက်ခိုက်ခံရမှုတွင် အီရန်ပါဝင်ပတ်သက်ခြင်းမရှိဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆာအိဒ် ခတ်တစ်ဘ်ဇာဒက်က ဩဂုတ် ၁ ရက်တွင် အီရန်နိုင်ငံပိုင်သတင်းဌာနတွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၅၆၀ အထိရှိ

**ဖနောင်ပင် ဩဂုတ် ၂**
ကမ္ဘောဒီးယားနိုင်ငံတွင် ဩဂုတ် ၂ ရက်နေ့၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၅၆၀ တွေ့ရှိခဲ့သည်။ ၎င်းတို့ထဲတွင် နိုင်ငံရပ်ခြားမှပြန်လာပြီး ကူးစက်ခံလာရသူ ၁၆၉ ဦး ရှိသည်ဟု သိရသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူစုစုပေါင်းမှာ ၇၈၄၇၄ ဦး ရှိလာသည်။

ကိုဗစ်– ၁၉နှင့်ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၂၂ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၁၄၄၂ ဦး ရှိလာသည်။ နောက်ထပ် ပြန်လည်ကျန်းမာလာသူဦးရေမှာ ၇၆၃ ဦး တိုးလာသည့်အတွက် စုစုပေါင်း ကျန်းမာလာသူဦးရေမှာ ၇၁၅၁၇ ဦး ရှိလာသည်။ ကိုဗစ်– ၁၉ နှင့် ဗီဇပြောင်းကူးစက်မှုများကို ရှင်းလင်းနိုင်ရေးအတွက် ပြည်သူတစ်ဦးချင်းစီမှ ပိုမို၍ပူးပေါင်းပါဝင်ပေးကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူ အော်ဗန်ဒင်းက ပြောသည်။

ကမ္ဘောဒီးယား နိုင်ငံတွင် အယ်လ်ဖာနှင့် ဒယ်လ်တာဗီဇပြောင်းကူးစက်မှုတို့ကို တွေ့နေရပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် လီအေလန်က ပြောသည်။ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးလှုပ်ရှားမှုများကို တိတိကျကျ လိုက်နာကြရန် တိုက်တွန်းထားသည်။



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇွန် ၁ ရက်က ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ကမ္ဘောဒီးယား နိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ လုပ်ဆောင်ပေးခဲ့ပြီး နိုဝင်ဘာလတွင် တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေးမျှော်မှန်းထားသည်။

ဩဂုတ် ၁ ရက်နေ့အထိ ကိုဗစ်–၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးပြီးသူ ၇ ဒသမ ၃၈ သန်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၃၁ သန်းကျော်ရှိ

**နယူးဒေလီ ဩဂုတ် ၂**
အိန္ဒိယနိုင်ငံ၌ ဩဂုတ် ၂ ရက်တွင် ကိုဗစ်– ၁၉ နောက်ထပ် ကူးစက်ခံရသူ ၄၀၁၃၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၃၁၆၉၅၉၅၈ ဦးအထိ ရှိလာခဲ့သည်ဟု ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။


ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ခရီးသည်တစ်ဦးအား ကိုဗစ်– ၁၉ ဆေးစစ်ပေးနေစဉ်။

ဩဂုတ် ၁ ရက်တွင် ကိုဗစ်– ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၄၂၂ ဦး ရှိခဲ့သည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၄၂၄၇၇၃ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်– ၁၉ လက်ရှိ ဖြစ်ပွားနေသူဦးရေမှာ ၄၁၃၇၁၈ ဦး ရှိသည်။ ကောင်းမွန်စွာ ကုသပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာလည်း ၃၀၈၅၇၄၆၇ ဦး ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## ကယ်လီဖိုးနီးယား၌ ရဟတ်ယာဉ်ပျက်ကျ လိုက်ပါသွားသူ လေးဦးသေဆုံး

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၂**
အမေရိကန်အနောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ် ကိုလူစာကောင်တီတွင် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်ကြောင့် လိုက်ပါသွားသူ လူလေးဦး သေဆုံးခဲ့သည်ဟု သိရသည်။

ကိုလူစာ ရဲဌာန၏ ပြောကြားချက်အရ ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လေယာဉ်ပျက်ကျမှု သတင်းရရှိခဲ့သည်ဟု ပြောသည်။

စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်ဆဲဖြစ်ပြီး ကိုလူစာကောင်တီမှာ ကယ်လီဖိုးနီးယားပြည်နယ် တောင်ကြားဒေသတွင် တည်ရှိသည်။

**ဆင်ဟွာ**

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှုသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်များကို အားလုံး ကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်–

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့် နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ထားခြင်း မရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့် နှာခေါင်းစည်း (Mask) နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျ စွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန (၂ – ၈ – ၂၀၂၁)**

◆ *ကျောဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၃၉) ခု | (၁၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၃) ခု | (၁၁၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇) ခု | (၃၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅၃) ခု | (၄၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၉၇) ခု | (၈၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၀၂) ခု | (၇၈၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၂၃၆) ခု | (၂,၄၂၇) ဦး |
| **စုစုပေါင်း** | (၁၂,၃၉၄) ခု | (၃,၆၈၉) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**၂- ၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၇၆၈၉၂၄ | ၂၉၆၇၃၂၉၀ | ၆၂၉၃၈၀ |
| ၂။ | အိန္ဒိယ | ၃၁၆၉၅၉၅၈ | ၃၀၈၅၇၄၆၇ | ၄၂၄၈၀၈ |
| ၃။ | ဘရာဇီး | ၁၉၉၃၈၃၅၈ | ၁၈၆၄၅၉၉၃ | ၅၅၆၈၈၆ |
| ၄။ | ရုရှား | ၆၃၁၂၁၈၅ | ၅၆၄၀၇၈၃ | ၁၆၀၀၃၇ |
| ၅။ | ပြင်သစ် | ၆၁၄၆၆၁၉ | ၅၇၀၂၀၁၄ | ၁၁၁၈၈၅ |
| ၆။ | ဗြိတိန် | ၅၈၈၀၆၆၇ | ၄၅၂၀၁၉၉ | ၁၂၉၇၁၉ |
| ၇။ | တူရကီ | ၅၇၄၇၉၃၅ | ၅၄၅၉၈၉၉ | ၅၁၄၂၈ |
| ၈။ | အာဂျင်တီးနား | ၄၉၃၅၈၄၇ | ၄၅၈၁၁၃၂ | ၁၀၅၇၇၂ |
| ၉။ | ကိုလံဘီယာ | ၄၇၉၄၄၁၄ | ၄၅၈၇၇၅၄ | ၁၂၀၉၉၈ |
| ၁၀။ | စပိန် | ၄၄၄၇၀၄၄ | ၃၇၁၁၂၀၀ | ၈၁၄၈၆ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

၂ – ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၄၆၂၈၀၀ | ၂၈၄၂၃၄၅ | ၉၇၂၉၁ |
| ဖိလစ်ပိုင် | ၁၆၀၅၇၆၂ | ၁၅၁၅၀၅၄ | ၂၈၀၉၃ |
| မလေးရှား | ၁၁၄၆၁၈၆ | ၉၃၇၇၃၂ | ၉၄၀၃ |
| ထိုင်း | ၆၃၃၂၈၄ | ၄၁၉၂၄၁ | ၅၁၆၈ |
| မြန်မာ | ၃၀၆၃၅၄ | ၂၁၇၁၄၂ | ၁၀၀၆၁ |
| ဗီယက်နမ် | ၁၅၇၅၀၇ | ၄၃၁၅၇ | ၁၃၀၆ |
| ကမ္ဘောဒီးယား | ၇၈၄၇၄ | ၇၁၅၁၇ | ၁၄၄၂ |
| စင်ကာပူ | ၆၅၂၁၃ | ၆၂၉၅၇ | ၃၇ |
| လာအို | ၆၇၆၅ | ၃၁၈၀ | ၇ |
| ဘရူနိုင်း | ၃၃၈ | ၂၈၀ | ၃ |

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများ ကြည့်ရှုအားပေး နတ်မောက်နှင့်မြို့သစ်မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ

**မကွေး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်လင်း၊ အတွင်းရေးမှူး ဦးဝင်းရှိန်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ သောင်းလှိုင်တို့နှင့်အတူ မကွေးမြို့ စုပေါင်းရုံးနှင့် အမှတ်(၃)အခြေခံပညာကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးရမည့်သူများ ကျန်ရှိမှုမရှိစေရေး အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားဆောင်ရွက်သည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဩဂုတ် ၁ ရက် နံနက် ၉ နာရီမှ စတင်၍ သတ်မှတ်နေရာများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးပြီး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစုရပ်နေရာ အသီးသီးတွင် အသက်အရွယ်ကြီးသူများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းက နတ်မောက်မြို့သို့ ရောက်ရှိပြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး နတ်မောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံ၍ Oxygen Plant တည်ဆောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များမှာကြားပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ ၊ နတ်မောက်မြို့ပြည်သူ့ဆေးရုံတွင် အောက်ဆီဂျင်ပိုက်လိုင်းများ သွယ်တန်းဆောင်ရွက် နိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ကိုဗစ်လူနာများအတွက် အာဟာရဖြည့်စွက်စာများ ထောက်ပံ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့သစ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာခန်းမ၌ ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို မေးမြန်းကာ အားပေးကြည့်ရှုပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ Oxygen Plant တည်ဆောက်ပေးမည်ဖြစ်၍ မြေနေရာ ရှာဖွေထားရန်၊ မီးလိုင်းများ သွယ်တန်းနိုင်ရေး ဆောင်ရွက်ထားရန်နှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ကိုဗစ်လူနာများအတွက် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် မြေပြိုဘေးသင့် ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ချောင်းဆုံ ဩဂုတ် ၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းက ချောင်းဆုံမြို့နယ် မြေပြို၍ သဘာဝဘေးသင့်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များမှလှူဒါန်းပေးသည့် လှူဒါန်းငွေကျပ်သိန်း ၁၁၀ ကို သွားရောက်ထောက်ပံ့ပေးသည်။ ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုခဲ့သည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(ယာပုံ)** ထို့နောက် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးသင့် အိမ်ခြေများအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကြက်ဥ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွမ်ရိုက်ကျေးရွာတွင် သဘာဝဘေးဒဏ်ဖြင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားမှုကြောင့် မြေနေရာများ အစားထိုးပေးအပ်နိုင်ရေး သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစုရပ်ဖြစ်သည့် ရွာလွတ် (အ.ထ.က) ကျောင်းနှင့် ကညော့် (အ.ထ.က)ကျောင်းတွင် ပြည်သူများ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေကို သွားရောက်ကြည့်ရှုသည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ဇူလိုင် ၂၆ ရက် ညနေ ၅ နာရီက ကွမ်ရိုက်ကျေးရွာတွင် တောင်မြေပြိုကျမှုများဖြစ်ပေါ်လျက်ရှိရာ မြေပြိုကျခြင်းများ ဖြစ်ပွားမှုကြောင့် အဆိုပါဖြစ်စဉ်တွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ မြေများထပ်မံပြိုကျလာခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ အန္တရာယ်ကြုံတွေ့နိုင်သည့် အိမ်ထောင်စုဝင်များအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးနှင့် လိုအပ်သည်များကို ပူးပေါင်းပါဝင်ကူညီပေးနေသည့် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များမှ ကယ်ဆယ်ရေးစက်ယန္တရားများဖြင့် ပူးပေါင်းဆောင်ရွက် ပေးနေကြသလို ပြောင်းရွှေ့အိမ်ထောင်စုဝင် ၅၅ စုတို့အား မွန်ပြည်နယ် အစိုးရအဖွဲ့မှ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# မူဆယ်မြို့ ခုတင်၂၀၀ ဆေးရုံသို့ အောက်ဆီဂျင် လီတာ ၄၀ အိုးကြီးများနှင့် ငွေကျပ် ၈၅၃ သိန်းဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မူဆယ် ဩဂုတ် ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်တိုင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ခဲ့သော ဧပြီလမှစတင်ပြီး မြို့နယ်တိုင်း Quarantine Center များ တိုးချဲ့လျက် အထူးကြပ်မတ်စောင့်ကြည့်ကုသဆောင်များကိုလည်း ပြင်ဆင်နိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံလူနာများကိုလည်း လိုအပ်သော အောက်ဆီဂျင်အပြည့်အဝပေးနိုင်ရေး ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်များ ပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ရာတွင် မူဆယ်ခရိုင်အတွင်းရှိ စီးပွားရေးစေတနာလုပ်ငန်းရှင်များ ပရဟိတ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များက ထက်သန်စွာ ပါဝင်လှူဒါန်းလျက်ရှိကြသည်။ မူဆယ်မြို့နေ တရုတ်ယဉ်ကျေးမှု သာရေးနာရေးအဖွဲ့ (လူငယ်)များ ကိုယ်စား အသင်းနာယကများဖြစ်သော ဦးအောင်ရင်၊ ဦးရှင်ဖူး၊ ဦးမောင်စိန်၊ ကိုအားဝေနှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက်က ကျန်းမာရေးအထောက်အကူပြုပစ္စည်း ၁၆ မျိုး တန်ဖိုးငွေကျပ် ၈၅၃ သိန်းကို မူဆယ်ရွှေနန်းတော်ခရီးသွားစင်တာရှေ့၌ ပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဟန်နိုင်စိုးက လက်ခံပြီး လှူဒါန်းပွဲသို့ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇေယျာလင်း၊ ခရိုင်၊ မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်သည်။

အဆိုပါ လှူဒါန်းရရှိပစ္စည်းများကို မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မုံးကိုး၊ တာမိုးညဲ၊ မန့်ဟီးရိုး၊ ပန်ဆိုင်း (ကြူကုတ်) မြို့များရှိ ကျန်းမာရေးစင်တာများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင်လည်း တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ထိန်းချုပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်း နှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရုံးပိတ်ရက် ကာလအတွင်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



မြဝတီကုန်သွယ်ရေးစခန်းမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၄၀၆၀၊ Test Kit ၅၇၀၀၀ တို့အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် ၁၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) လေးတန်၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၄၂၅၉ ခု၊ နှာခေါင်းစည်း (Mask) ၁၂၁ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများအား ကုမ္ပဏီ ၁၉ ခုမှ ယာဉ်စီးရေ ၄၁ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၇၇ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၁၁၃ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၁ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၅ တန်၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၁၀၅၆၅ ခု၊ Test Kit ၇၂၀၀၀၊ နှာခေါင်း စည်း (Mask) ၁၆၂ တန်၊ PPE ၉၁၄၅၄ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

■ ***ကျောဖုံးမှ***

ကာကွယ်ဆေးများ၊ ကုသဆေးများသာမက ဆက်စပ်လျက်ရှိသည့် ကျန်းမာရေးအထောက်အကူပြုဆေးဝါးနှင့် စက်ကိရိယာများရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ အခက်အခဲ အကျပ်အတည်းကြားမှ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအပေါ် NUG၊ CRPH တို့ကဲ့သို့ အကြမ်းဖက်အဖွဲ့များအနေဖြင့် ထိုးနှက်တိုက်ခိုက်မှုများဖြစ်သည့် သတင်းမှားများထုတ်လွှင့်ခြင်းနှင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေသည့် ဝါဒဖြန့်ချိမှုများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် အသက်အန္တရာယ်ထိခိုက်စေသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယင်းသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုများအနက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် ၂၈၆ နှင့် ၂၈၇ အကြားတွင် ဖွင့်လှစ်ထားသည့် နမ့်စီးအောင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စစ်ဆေးရေးဂိတ်တွင် မိုင်းဖောက်ခွဲတိုက်ခိုက်မှု၊ ဇူလိုင် ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ မြို့မဈေးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် Mask များ ဖြန့်ဝေလှူဒါန်းနေသူများကို အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုနှင့် ဩဂုတ် ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသူများကို လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်အကြမ်းဖက်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုများကြောင့် အမျိုးသမီးတစ်ဦးသေဆုံး၍ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ယင်းဖြစ်ရပ်များသည် ပြည်သူလူထုအနေဖြင့် ကာကွယ်ဆေးထိုးနှံမှု၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုတို့အပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

အထက်ဖော်ပြပါဖြစ်စဉ်များ ဖြစ်ပွားခဲ့ရခြင်းမှာ နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသော NUG ၊ CRPH အပါအဝင် ၎င်းတို့ကို ထောက်ခံအားပေးသည့် အစွန်းရောက် အကြမ်းဖက်သမားများ၏ နောက်ကွယ်မှ ပံ့ပိုးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ထိုအကြမ်းဖက်သမားများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိပါကလည်း ၎င်းတို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပြင် အခြားသက်ဆိုင်သည့် ဥပဒေများနှင့်ပါ တရားစွဲဆို၍ ထိရောက်ပြင်းထန်စွာ စံနမူနာပြ အပြစ်ပေးအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေသည့် ကာလအတွင်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှု၊ သွေးထိုးလှုံ့ဆော်မှု၊ လှုပ်ရှားဆောင်ရွက်မှု၊ ပုန်းအောင်းသိုဝှက်ထားရှိမှုများအပါအဝင် သတင်းရရှိမှုများကို နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံပန်ကြားထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ ***ကျောဖုံးမှ***

ရင်ဆိုင်လာခဲ့သည်။ ကနေဒါအသင်းကလည်း လော်ရန့်စ်၊ ဘူချနန်၊ ဖလီမင်၊ စကော့သ်၊ ဆင်ကလဲယား၊ ပရင့်စ်၊ ဘက်ကီ စသည့် အဓိကကစားသမားအများစုဖြင့် အမေရိကန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ကွာတားဖိုင်နယ်တွင် ဘရာဇီးအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ယူခဲ့သည့် ကနေဒါအသင်းသည် ဆီမီးဖိုင်နယ်တွင်လည်း အသင်းကြီး အမေရိကန်အသင်းကို ထပ်မံအနိုင်ယူကာ အိုလံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့အပြင် ကနေဒါအသင်းသည် အမေရိကန်အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားနေသည့် စံချိန်မှတ်တမ်းကိုလည်း ယနေ့ပွဲစဉ်တွင် ချိုးဖျက်နိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အမေရိကန်အသင်းသည် ပွဲစသည်နှင့်တစ်ပြိုင်နက် ကနေဒါအသင်းကို ထိန်းချုပ်ကစားရန် ကြိုးစားလာခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း လိုအပ်နေသည့် ဂိုးများကို အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ် မသေချာမှုကြောင့် ရရှိခဲ့ခြင်း မရှိပေ။

ပွဲချိန် ဒုတိယပိုင်းတွင် အမေရိကန်အသင်းသည် မော်ဂန်၊ ဟက်၊ ဝီလီယံတို့ကို အနားပေးကာ လွိုက်၊ ရာပင်နိုး၊ ပရက်စ်တို့ကို ထည့်သွင်း အသုံးပြုခဲ့သည်။ သို့သော်လည်း ကနေဒါအသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် အမေရိကန်အသင်း ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ ပွဲချိန် ၇၄ မိနစ်တွင် ကနေဒါအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး ဖလီမင်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့မှုကြောင့် ကနေဒါအသင်း တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် အသင်းသည် ယနေ့ပွဲစဉ်တွင် ကနေဒါအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း လိုအပ်နေသည့် အနိုင်ရလဒ်ကို ဖော်ဆောင်နိုင်ခြင်း မရှိချေ။ အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် ဩစတြေးလျအသင်းနှင့် ဆွီဒင်အသင်းတို့ပွဲစဉ်တွင် ဆွီဒင်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ဆွီဒင်အသင်းသည် အိုလံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကနေဒါအသင်းနှင့် ဩဂုတ် ၆ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

## ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ **မိုး/ဇလ**

# တချို့လူတွေကတော့ ဆေးထိုးတာကို မယုံကြည်တာတွေလည်း ရှိပါတယ်၊ ကျွန်တော်ကတော့ ယုံယုံကြည်ကြည်နဲ့ လာရောက်ဆေးထိုးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်

ဦးဘသိန်း



ဦးထွန်းအေးလှ



ဦးဘသိန်း



ဒေါ်မမြသိန်း



ဦးမြင့်ထွေး



ဦးကျော်လင်း

**ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးသူ အဘိုးအဘွားများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး(Sinopharm) ကို ဇူလိုင် ၂၉ ရက်မှစတင်ပြီး ထိုးနှံပေးလျက်ရှိသည်။ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာတွင် အဓိကလုပ်ဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင် ကူညီဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် အဘိုးအဘွားများ၏ ရင်တွင်းပီတိစကားသံလေးများကို တွေ့ဆုံမေးမြန်းထားခြင်းဖြစ်ပါသည်။**

**ဦးထွန်းအေးလှ**
**ကျန်းမာရေးမှူးအဆင့်(၁)**
**စစ်တွေခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

မေး။ ။ အခုလိုမျိုး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့အချိန်မှာ ပြည်သူတွေကို ဆရာတို့ တတ်ကျွမ်းထားတဲ့ပညာတွေနဲ့ ကာကွယ်ဆေးထိုးနှံပေးတဲ့နေရာမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ရတဲ့အတွက် ဆရာ့ရဲ့ ရင်ထဲကခံစားရတဲ့ ရသလေးတွေကို ပြောပြပေးပါလားရှင့်။

ဖြေ။ ။ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ အချိန်မှာ ကျွန်တော်တို့တတ်ထားတဲ့ ပညာတွေနဲ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ ကူညီမှုနဲ့ရရှိလာတဲ့ ကာကွယ်ဆေးတွေကို အသက်ကြီး အဘိုးအဘွားတွေကို ထိုးနှံပေးခွင့်ရတဲ့အတွက် အလွန်ကို ဝမ်းသာမိပါတယ်၊ ဒါဟာ ကျွန်တော်တို့တတ်ကျွမ်းတဲ့ပညာနဲ့ ကျွန်တော်တို့ချစ်တဲ့ ပြည်သူတွေ၊ ကျွန်တော်တို့ရဲ့ အမျိုးတွေကို ကူညီခွင့်ရတာပဲ။ ကျွန်တော်တို့ ပြည်သူတွေ၊ ကျွန်တော်တို့အမျိုးတွေ ဒီကာကွယ်ဆေးကို ထိုးနှံရတဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်ယူပါတယ်။ ဒီကာကွယ်ဆေးကို ထိုးရတဲ့အတွက် ပြည်သူတွေ ရောဂါကို ကာကွယ်နိုင်ခဲ့မယ်၊ ခုခံနိုင်ခဲ့မယ်၊ စိတ်ဓာတ်ခွန်အားတွေ တက်လာမယ်ဆိုရင် ကျွန်တော်တို့ဆေးထိုးပေးရတာ အကျိုးရှိသွားပါပြီ။ ဒီလိုမျိုး ကျွန်တော်တို့တတ်နိုင်သလောက် လုပ်ပေးခွင့်ရတဲ့အတွက် ဝမ်းသာမိသလို၊ လုပ်ပေးခွင့်၊ ဆေးထိုးပေးခွင့်ရတဲ့အတွက်လည်း ရင်ထဲမှာ အမြဲကျေနပ်နေမိမှာ ဖြစ်ပါတယ်၊ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

မေး။ ။ ကိုဗစ်ကာကွယ်ဆေး ထိုးတဲ့အခါ ဘယ်လိုအခက်အခဲတွေ ရှိပါသလဲရှင့်။

ဖြေ။ ။ ဆေးထိုးတာနဲ့ပတ်သက်ပြီးတော့ အခက်အခဲမရှိပါဘူး။ ကျွန်တော်တို့ ဝန်ထမ်းတွေက လေ့ကျင့်ထားပြီးသားဖြစ်ပါတယ်။ ကာကွယ်ဆေးတွေရောက်လာတော့ ဘယ်နေ့မှာ ဘယ်နေရာမှာ ထိုးရမယ်၊ ဘယ်နေ့မှာ ဘယ်ရပ်ကွက်က လူတွေကို ထိုးပေးမယ် အားလုံးစနစ်တကျ စီစဉ်ရေးဆွဲလုပ်ဆောင်တဲ့အတွက် အဆင်ပြေပါတယ်။ ဒီလုပ်ငန်းတွေက ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေရဲ့ အမြဲလုပ်နေတဲ့ အလုပ်တွေဖြစ်တဲ့အတွက် အခက်အခဲတော့မရှိပါဘူး။

**ဦးဘသိန်း**
**အသက် (၆၈)နှစ်**
**ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့**

မေး။ ။ ဦးလေးအနေနဲ့ ဒီကိုဗစ်ကာကွယ်ဆေးကိုထိုးပြီးပြီဆိုတော့ ဒီဆေးနဲ့ပတ်သက်ပြီးတော့ ဦးလေးအနေနဲ့ ဘယ်လောက်အထိ ယုံကြည်မှုတွေရှိပါသလဲ ခင်ဗျာ။

ဖြေ။ ။ ဒီနေ့ကျွန်တော်ဆေးထိုးပြီးပါပြီ၊ဆေးထိုးတာ တော်တော်နာမယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် မနာပါဘူး။ ဒါကြောင့် ပြည်သူပြည်သားတွေအနေနဲ့ ဒီလိုဆေးထိုးရဖို့ဆိုတာ လွယ်တာတော့မဟုတ်ဘူး။ ဒါကြောင့် အားလုံးလာပြီးတော့ ဆေးထိုးကြစေချင်ပါတယ်။

မေး။ ။ ဦးလေးအနေနဲ့ ဆေးမထိုးခင်အခြေအနေနဲ့ ဆေးထိုးပြီးတဲ့အနေအထားမှာ ဘယ်လိုမျိုးတွေ ခံစားရပါလဲခင်ဗျာ။ ဒီနေ့ဆေးထိုးပြီးတဲ့အခါမှာကော ယုံကြည်မှုတွေ၊ စိတ်ဓာတ်ခွန်အားတွေ ဘယ်လောက်ထိရှိလာပြီလဲ ခင်ဗျာ။

ဖြေ။ ။ ဆေးမထိုးခင်ကတော့ စိုးရိမ်မှုတွေရှိတာပေါ့၊ အခုကတော့ ကျွန်တော် ဆေးထိုးထားပြီ၊ ရောဂါကို ခံနိုင်ပြီဆိုပြီးတော့ စိတ်ခွန်အားတွေ တိုးတက်လာပါတယ်၊ ဒီရောဂါအတွက် မစိုးရိမ်ရတော့ဘူးလို့ ထင်မိပါတယ်၊ အရင်ဆေးထိုးတုန်းကတော့ ရပ်ကွက်ရုံးက ဆေးထိုးဖို့ခေါ်ခဲ့ပါတယ်၊ အဲဒီတုန်းက မထိုးဖြစ်တာက ဆေးထိုးတာက ကောင်းပါ့မလားလို့ သံသယရှိခဲ့ပါတယ်၊ အခုနောက်ပိုင်းမှာတော့ ကမ္ဘာတစ်ဝန်းမှာရောဂါက ဖြစ်လာတာဆိုတော့ မထိုးလို့မရတော့ဘူးပေါ့၊ ကာကွယ်မှုက အကောင်းဆုံးဆိုပြီးတော့ စိတ်ကူးပေါ်လာပါတယ်၊ ဒါကြောင့် အခုအချိန်မှာ လာပြီးတော့ထိုးတာပါ၊ ဒီလိုဆေးထိုးပေးတဲ့အတွက် တာဝန်ရှိတဲ့သူတွေ အားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

မေး။ ။ ဒီလိုဆေးထိုးခွင့်ရတဲ့အတွက် ဦးလေးရဲ့ ခံစားချက်လေးကို ပြောပြပေးပါလား ခင်ဗျာ။

ဖြေ။ ။ ရင်ထဲကခံစားရတာကတော့ ကျွန်တော့်လို စိတ်သောကရောက်နေတဲ့လူတွေ အခုဆေးထိုးလိုက်တော့ စိတ်သောကပြေသွားတာပေါ့၊ ရောဂါကူးစက်မှုမရှိနိုင်တော့ဘူးပေါ့၊ ရှိရင်လည်း မခံစားရတော့ဘူးပေါ့၊ ဒါကြောင့် အားလုံးပြည်သူတွေအနေနဲ့ ယုံယုံကြည်ကြည်နဲ့ပေါ့၊ တချို့လူတွေကတော့ ဆေးထိုးတာကို မယုံကြည်တာတွေလည်း ရှိပါတယ်၊ ကျွန်တော်ကတော့ ယုံယုံကြည်ကြည်နဲ့ လာရောက်ဆေးထိုးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီကိုဗစ်လှိုင်းက ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့မတူတာကတော့ ကူးစက်မှုနှုန်းမြန်တယ်လေ၊ ကျွန်တော်တို့ အသိုက်အဝန်းမှာဆိုရင် ကျွန်တော်တို့နဲ့ သက်တူရွယ်တူတွေ၊ ရောဂါအခံရှိတဲ့သူတွေ တဖြုတ်ဖြုတ်နဲ့သေနေကြတယ်၊ စိုးရိမ်သောကကသိပ်များပါတယ်၊ ရပ်ကွက်မှာလူတွေကလည်း အိမ်ထဲက အိမ်ပြင်ကို မထွက်ကြတော့ဘူး၊ အစားအသောက်ကအစ ဈေးဝယ်တာတွေအထိ မသွားရောက်ကြတော့ဘူး၊ အခက်အခဲဖြစ်နေကြတယ်။ အခုလိုအခြေအနေမှာ ဒီလိုလာရောက်ပြီးတော့ ဆေးထိုးပေးကြတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။

**ဒေါ်မမြသိန်း**
**အသက်(၆၆)နှစ်**
**ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့**

မေး။ ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးဖြစ်တဲ့အကြောင်းလေးကို ပြောပြပေးပါလားရှင့်။

ဖြေ။ ။ အခု အသက် ၆၅ နှစ်နှင့်အထက် ပြည်သူတွေကို ဆေးထိုးပေးနေတယ်၊ အမေသွားပြီး ဆေးထိုးကြရအောင်လို့ သားနဲ့သမီးက ခေါ်လာလို့ ဆေးလာထိုးတာပါ၊ သားနဲ့သမီးက ဝန်ထမ်းတွေဆိုတော့ ကာကွယ်ဆေးထိုးပြီးကြပြီပေါ့၊ အရင်တစ်ကြိမ်ကာကွယ်ဆေးထိုးတဲ့အခါက အဒေါ်က သွေးနည်းနည်းတိုးတယ်၊ ဆီးချိုနည်းနည်းတက်နေတယ်၊ အဲဒါကြောင့် မထိုးလိုက်ရဘူး။

မေး။ ။ အခုလို ကာကွယ်ဆေးထိုးခွင့်ရတဲ့အပေါ် အဒေါ်အနေနဲ့ ဘာများပြောချင်ပါလဲရှင့်။

ဖြေ။ ။ အခုက ကိုဗစ်-၁၉ ရောဂါကလည်းဖြစ်ပွားတဲ့နှုန်းက များလာတယ်၊ ကိုယ့်မှာကလည်း ရောဂါတွေကရှိတော့ ဆေးထိုးခွင့်ရတာ အလွန်ကို ဝမ်းသာမိတယ်။ အခု ဆေးလည်းထိုးပြီးသွားပြီ၊ ကိုယ့်မှာရောဂါတွေရှိရင်လည်း ဆေးထိုးထားတဲ့အတွက် လုံခြုံသလိုခံစားရတယ်။ အဒေါ်တို့ရပ်ကွက်မှာတော့ ဆေးထိုးဖို့သွားတဲ့ လူတွေများပါတယ်၊ ဒီလိုမျိုး တာဝန်ရှိတဲ့လူတွေက ကာကွယ်ဆေးထိုးနှံပေးဖို့ ကူညီလုပ်ဆောင်ပေးတဲ့အချိန်၊ အခွင့်အရေးရရှိတဲ့အချိန်မှာ ပြည်သူတွေအနေနဲ့ လာရောက်ပြီး ဆေးထိုးကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးမြင့်ထွေး**
**ရခိုင်ပြည်နယ်၊ ကြက်ခြေနီတပ်ဖွဲ့မှူး**

မေး။ ။ အခုကာကွယ်ဆေးထိုးပေးနေတဲ့ အပိုင်းမှာ ဆရာတို့အနေနဲ့ ဘယ်အပိုင်းတွေက ပါဝင်ဆောင်ရွက်ပေးနေတယ်ဆိုတာလေး သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်တွေအနေနဲ့ စစ်တွေမြို့မှာ ကိုဗစ်- ၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးတဲ့နေ့ကစတင်ပြီးတော့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းစုရပ်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းစုရပ်တွေမှာ ကူညီဆောင်ရွက်ပေးနေသလို ဒီနေ့မှာလည်း အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း (မင်းဂံ)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနဲ့ ပါဒလိပ်ကျေးရွာရှိတဲ့ လူငယ်စင်တာစုရပ်တွေမှာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆေးထိုးတဲ့နေရာမှာ ကူညီဆောင်ရွက်ပေးနေပါတယ်။ ဆေးလာရောက်ပြီးတော့ ထိုးနှံကြတဲ့ သက်ကြီးအဘိုးအဘွားတွေကို ဆေးထိုးတဲ့နေရာတွေမှာ နေရာချပေးတာတွေ၊ ကိုယ်အပူချိန်တိုင်းပေးတာတွေ၊ သွေးပေါင်ချိန်တိုင်းပေးတာတွေနဲ့ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏတိုင်းတာပေးတာတွေ ကို လုပ်ဆောင်ပေးနေပါတယ်။

မေး။ ။ ကိုဗစ်ကာကွယ်ဆေး ထိုးပေးနေတာနဲ့ပတ်သက်ပြီးတော့ ဆရာ့အနေနဲ့ ပြည်သူတွေကို ဘာများပြောချင်ပါသလဲခင်ဗျာ။

ဖြေ။ ။ အခုဆိုရင် ကိုဗစ်ရောဂါကြောင့် ပြည်သူတွေ အထိအနာများနေပြီလေ၊ ဆုံးရှုံးမှုတွေရှိနေပြီး ကျွန်တော်တို့ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးနေပြီ၊ ဒီအချိန်မှာ နိုင်ငံတော်အကြီးအကဲတွေက အသက် ၆၅ နှစ်နှင့်အထက်အသက်အရွယ်ကြီးရင့်သူတွေကို ဦးစားပေးအနေနဲ့ ကာကွယ်ဆေးထိုးနှံပေးတဲ့အခါ ကိုယ့်ရဲ့ မိဘ၊ အဘိုးအဘွားတွေရဲ့ ကျန်းမာရေးအတွက် ဆေးထိုးဖို့ လာရောက်ပို့ဆောင်ပေးသင့်တယ်၊ တခြားသူတွေကိုလည်း ဆေးထိုးကြဖို့ တိုက်တွန်းသင့်တယ်လို့ ပြောချင်ပါတယ် ခင်ဗျာ။

**ဦးကျော်လင်း**
**ဦးစီးအရာရှိ**
**စစ်တွေမြို့နယ် မီးသတ်ဦးစီးမှူး**

မေး။ ။ ကာကွယ်ဆေး ထိုးနှံပေးတဲ့နေရာမှာ ဆရာတို့အနေနဲ့ ပါဝင်ဆောင်ရွက်ရတဲ့ အပိုင်းလေးကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ ကာကွယ်ဆေးထိုးဖို့လာရောက်ကြတဲ့ သက်ကြီးအဘိုးအဘွားတွေ၊ တချို့သွားလာရခက်ခဲတဲ့ပြည်သူတွေကို ကြက်ခြေနီတပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီးတော့ နေရာချထားပေးတာ၊ ဆေးထိုးပြီးတဲ့အခါ စောင့်ဆိုင်းနေတဲ့နေရာတွေမှာ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးတာတွေ လုပ်နေပါတယ်။ အဘိုးအဘွားတွေ ဆေးထိုးတဲ့နေရာမှာအဆင်ပြေအောင်ပေါ့၊ နောက်ပြီးတော့ သွားတာလာတာ အဆင်ပြေအောင်၊ ကျန်းမာရေးဝန်ထမ်းတွေအတွက် လိုအပ်တာလေးတွေ အဆင်ပြေအောင်အထိ တခြားဌာနဆိုင်ရာတွေနဲ့ ပူးပေါင်း ပါဝင်ကူညီပေးနေပါတယ်။

မေး။ ။ ကာကွယ်ဆေးမထိုးနှံသေးတဲ့ ပြည်သူတွေကို ဆရာ့အနေနဲ့ ဘာများပြောချင်ပါလဲခင်ဗျာ။

ဖြေ။ ။ အခုလိုမျိုး ကိုဗစ်ရောဂါကူးစက်မှုနှုန်း မြင့်နေတဲ့အချိန်မှာ ကာကွယ်ဆေးထိုးနှံပေးတာကို ယုံယုံကြည်ကြည်နဲ့လာရောက်ထိုးနှံကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပြည်သူအပေါင်းလည်း ကပ်ရောဂါဘေးမှ ကင်းဝေးနိုင်ကြပါစေ။ ။

**တွေ့ဆုံမေးမြန်း- အေးအေးအောင်၊တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၈-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၅၀** ကိုဗစ်-၁၉ ရောဂါဆိုးနဲ့အတူ တွန်းလှန်တိုက်ထုတ်ရမည့် အကြမ်းဖက်ဝါဒ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နီတိ **'မှားယွင်းသောအမှန်'**
**၁၂:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ပထဝီဝင်ဘာသာရပ်'**
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၅၀** အာဆီယံအမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း (လာအိုနိုင်ငံ)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** မြန်မာ့ကျေးလက်ဓလေ့ရိုးရာပြတိုက် (နေပြည်တော်)
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၃၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်များ'** (အပိုင်း-၁၄)

**mitv**

**07:01** News
**07:27** Te Ja Su Ne Ma (Tekkatho Lei Lei)
**07:35** The Efficacy of Myanmar Traditional Medicine
**08:01** Underwater Photographer
**08:22** Myanmar Weaving
**08:34** Diary of a Fisherman
**08:48** Mobile House
**09:01** The Man and The Elephant (Part-II)
**09:17** Products of Myanmar - Strong And Stylish Pakokku Slippers
**09:29** Dance of Myanmar: Proud of Being a Myaung Zee (or) Hmong
**09:35** The Lapidarist
**09:50** Colourful Lotus-Shaped Candles
**10:53** A Traditional Doctor
**11:01** A Visit to Inn Ne Village

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ ခရီးတစ်ခေါက်
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ပေါ်ရိုးရာတူရိယာသံစဉ်များ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရေကညွတ်ဟင်း
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ရေးမယ်၊ ဒို့ချင်းစာ (အပိုင်း-၂၈)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဝိတိုရိယတောင် (ခေါ်) ခေါ်နူးစုမ်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုက်နဲရေလယ်ဘုရားသို့ ဘုရားဖူးတစ်ခေါက်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဂဏန်းချဉ်စပ်ချက်စားကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၃)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကမာရွတ်မြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးများအား ကိုဗစ်-၁၉ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် အသက်၆၅နှစ်နှင့်အထက် သက်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ခရိုင်လေးခုရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ ဦးစွာနေရပ်နှင့် အသက်အတည်ပြုပြီးနောက် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်၍ ကာကွယ်ဆေးထိုးနှံပေးကာ ဆေးထိုးပြီးနာရီဝက် ထပ်မံအနားယူ စစ်ဆေးပြီးမှသာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ထိုးနှံပေးလျက်ရှိသည်။

ကမာရွတ်မြို့နယ်တွင် ၆၅ နှစ်နှင့်အထက် သက်ကြီး ၅၄၃၇ ဦးရှိပြီး ယမန်နေ့က စတင်ထိုးနှံခြင်းဖြစ်ရာ ၆၅ နှစ်နှင့်အထက် သက်ကြီး ၃၀ ကျော် လာရောက်ထိုးနှံခဲ့၍ ယနေ့တွင် သက်ကြီးရွယ်အိုများ ဆက်လက် လာရောက်ထိုးနှံလျက်ရှိသည်။

"ဖြစ်လည်းဖြစ်ကြတယ်။ဒီကာလကြီးမှာထိုးနှံပေးရတာကျွန်မတို့ အားလုံး ပင်ပန်းကြပေမယ့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရတယ်။ အားလုံးတက်ညီလက်ညီ လုပ်ဆောင်နေကြတာကြောင့် ရောဂါလည်း ကျဆင်းသွားမှာပါ"ဟု ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းလှိုင်က ပြောသည်။

ယခုလိုပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးများ၊ အစိုးရနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအထောက်အကူပြု အသင်းအဖွဲ့များဟူ၍ အဆိုပါသုံးမျိုးကို ဦးစားပေးထိုးနှံခြင်းဖြစ်ပြီး ကမာရွတ်မြို့နယ်အတွင်း



ကမာရွတ်မြို့နယ် အမှတ် (၂) မူလတန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ကာကွယ်ဆေးထိုးနှံရာ၌ ၆၅ နှစ်နှင့်အထက် သက်ကြီးအပါအဝင် လူဦးရေ ၇၂၈၃ ဦးကို ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်သည်။

ရဟန်းသံဃာ၊ သီလရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ဟိုတယ်/မိုတယ်၊ မီနီမားကက်ရှိဝန်ထမ်းများကို ဦးစားပေးကဏ္ဍအဖြစ် ကာကွယ်ဆေး ဆက်လက်ထိုးနှံမည်ဖြစ်ပြီး ဦးစားပေးထိုးနှံမှုပြီးစီးပါက အသက် ၁၈ နှစ်အထက် ပြည်သူတို့ကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ရာ ယနေ့တွင်လည်း ကမာရွတ်မြို့နယ် အမှတ် (၂) မူလတန်းကျောင်းသို့ အသက် ၆၅ နှစ်အထက် သက်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ ၊ ဓာတ်ပုံ - ကနူး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၈-၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီဆွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များ၌ ဆရာတော်သံဃာတော်များအား ဆန်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဘားအံ ဩဂုတ် ၂

**ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဩဂုတ် ၁ ရက်က ပြည်နယ် ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် စိတ္တသုခကျောင်းတိုက်သို့ သွားရောက်ဆက်ကပ်လှူဒါန်းသည်။** (ယာပုံ)



ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လူမှုရေးဝန်ကြီးဦးစိုးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်း ဆုတောင်းပြည့်အောင်တော်မူ နှစ်ထပ်ကျောင်းဆောင်၌ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုဇာတအား ဖူးမြော်ကြည်ညို၍ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တော်များကို နာယူကြည်ညိုပြီး ဆွမ်းဆန်တော် ၂၈ အိတ်၊ ဆီ ခြောက်ပုံး၊ ဆေးဝါးများ၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိတ္တသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဖူးမြော်ကြည်ညို၍ ဆန် ငါးအိတ်၊ ဆီတစ်ပုံး၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကလည်း ဘားအံမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်း စုစုပေါင်း ၆၄ ကျောင်းသို့ ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လိုက်လံဆက်ကပ်လှူဒါန်းလျက်ရှိပြီး စုစုပေါင်းဆန်အိတ် ၁၃၅၀ နှင့် ၁၀ ပိဿာဆီပုံး ၂၆၅ ပုံးတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၃၀ ကို ဘောနေ်ာထူးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစောကပေါ်ထူးက ဩဂုတ် ၁ ရက်က ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကရင်ပြည်နယ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်ပြည်သူများ၊ ဌာနဆိုင်ရာများက ဩဂုတ် ၁ ရက်အထိ စုစုပေါင်းငွေကျပ် ၃၈၃၄၇၃၅၀၀ ကို ထည့်ဝင်လှူဒါန်းထားပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် ထိရောက်အောင်မြင်သည့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာအသစ်များ ဖွင့်လှစ်ရန်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ကာကွယ်ဆေးထိုးနှံပေးနေမှုများကို လိုက်လံကြည့်ရှု

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် ၁၉ - ရောဂါ ကုသရေး စင်တာအသစ်များ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ဩဂုတ်၁ရက်ကတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၆၀၀ အား ကုသပေးမည့် ရန်ကင်းပညာရေးကောလိပ် ကိုဗစ်- ၁၉ ကုသရေးဌာန ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်စစ်ဆေးရာ စင်တာဖွင့်လှစ်နိုင်ရေး ငွေအား၊ လူအား၊ ပစ္စည်းအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစက်သုံးဆီအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်း၊ မြန်မာနိုင်ငံပဲနှမ်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဘုရားဝင်း အတွင်းရှိ အရိယာဓမ္မာရုံကြီးတွင်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းမပေါ်ရှိ အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဘုရင့်နောင်လမ်းရှိ အမှတ်(၃ ) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း သတ်မှတ်ချက်နှင့်အကျုံးဝင်သည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများကို ပိုမိုလက်ခံကုသပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးစေတီအား ကစားကွင်းရှိ လူနာ ၂၀၀ အတွက် အဆောက်အအုံသစ် နှစ်လုံးတည်ဆောက်နေမှုနှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကိုဗစ် - ၁၉ ကုသရေးစင်တာတွင် ဇီဝကပရဟိတအဖွဲ့က လူနာ ၃၀၀ အတွက် ကူညီပံ့ပိုးလှူဒါန်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန် /ဆက်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် မှာယူထားသည့် Oxygen Concentrator များ ကျန်းမာရေးဌာနသို့ ထောက်ပံ့ပေးအပ်

**ပဲခူး ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ဩဂုတ် ၁ ရက်က တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် မှာယူထားသည့် Oxygen Concentrator အလုံး ၂၈၀ အနက်မှ ပထမသုတ်အဖြစ် ရောက်ရှိလာသည့် Oxygen Concentrator အလုံး ၂၀ ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးဆွေ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွဋ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟတို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် မှာယူထားသည့် Oxygen Concentrator အလုံး ၂၈၀ အနက်မှ ပထမသုတ်အဖြစ် ရောက်ရှိလာသည့် Oxygen Concentrator အလုံး ၂၀ ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီဟထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**




အဆိုပါ Oxygen Concentrator များ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကိုဗစ်-၁၉ Positive Center များသို့ ပြန်လည်ပေးအပ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ထိုင်းနိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ- ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကြိုဆိုလက်ခံ



**မြဝတီ ဩဂုတ် ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်စီစဉ်မှုဖြင့် ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံ သားများအား မြဝတီမြို့ မြန်မာ- ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ပြန်လည် ကြိုဆိုလက်ခံခြင်းကို ယမန်နေ့က စတင်ကြိုဆို လက်ခံခဲ့သည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည် ဝင်ရောက်လာသည့် မြန်မာနိုင်ငံ သားများအား ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင် က ကြိုဆိုအားပေးစကား ပြော ကြားပြီး နေရပ်ပြန်များအား ကြိုဆိုလက်ခံရာတွင် စာရင်း ကောက်ယူမှု အခြေအနေများ၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေး ဆောင် ရွက်နေသည့် အခြေအနေများ၊ ပြန်လာသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည် ပို့ဆောင်ပေးနေသည့် အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

ထို့နောက် ပြည်နယ်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီးက ထိုင်းနိုင်ငံမှ ပြန်လာသည့် မြဝတီဒေသခံများအား အသွား အလာ ကန့်သတ်ထားရှိမည့် ကျောက်လုံးကြီး ကွာရန်တင်း စင်တာတွင် ကြိုတင်ပြင်ဆင်ထား မှုအခြေအနေများ၊ ရေကြီးမှု ဖြစ်ပွားခဲ့သည့် ရွှေမြဝတီ ကိုဗစ်စင်တာတို့တွင် ပြန်လည် ပြင်ဆင်ဆောင်ရွက်ရမည့် အခြေ အနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားသည်။

"ကျွန်တော်တို့ ထိုင်းနိုင်ငံ ကနေ မြန်မာနိုင်ငံသားတွေကို ပြန်လည် ကြိုဆိုလက်ခံတာကို ဇွန် ၁၇ ရက်ကစပြီး ရပ်နား ထားပြီးတော့မှ အခုဩဂုတ် ၁ ရက် ကနေစပြီး တစ်ရက်ကို ၂၀၀ နှုန်း နဲ့ တစ်ရက်ခြား လက်ခံသွားမှာ ဖြစ်ပါတယ်" ဟု မြဝတီခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့် က ပြောသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူ များ မြဝတီခရိုင်နှင့် ကော့ကရိတ် ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ ချက်ချင်း စစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုး ရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာတွင် ကုသမှုခံယူစေ မည်ဖြစ်ပြီး ရောဂါပိုးမရှိသူများ အား ကျောက်လုံးကြီး ကွာရန်တင်း စခန်းတွင် ၁၀ ရက် ကန့်သတ် ထားမည် ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ်များမှ နေရပ် ပြန်များအား သီးသန့်မော်တော် ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည် ဖြစ်ပြီး ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစီအစဉ်များဖြင့် ဆောင်ရွက်ပေးမည် ဖြစ်သည်။ ယမန်နေ့က ထိုင်းနိုင်ငံမှ ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၀၂ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ကြံခင်း၌ အောက်ဆီဂျင်စက်ရုံကို စက်တင်ဘာလအပြီး တည်ဆောက်မည်

**ကြံခင်း ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မင်းသီရိ (၂) ရပ်ကွက် လမ်းမတော်လမ်းနှင့် ဘိုးဘွား ရိပ်သာလမ်းထောင့် တိုင်းကျိုးပြည်ပြု သာသနာ့နယ်မြေတွင် တည်ဆောက်မည် ဖြစ်ပြီး ယမန်နေ့က ကြံခင်းမြို့ စာချကျောင်း ဆရာတော် ဦးဝိစိတ္တနှင့် သံဃာတော်များထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့များက ငါးပါးသီလ တရားတော် နာယူဆောက်တည်ပြီး ဆရာ တော်၊ သံဃာတော်များက ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ကြသည်။

ထို့နောက် အောက်ဆီဂျင်စက်ရုံ တည် ဆောက်မည့်မြေနေရာအတွင်း ဆရာတော် များက မြေသန့်ကမ္မဝါရွတ်ဖတ်ကြပြီး မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်၊ မြို့နယ် ကုသရေးနှင့် ကျန်းမာရေးမှူး ဒေါက်တာဝင်းနိုင်၊ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ကော်မတီအဖွဲ့ဝင်များက ပန္နက် တင်ပြီး ပရိတ်ရေဖြင့် ဖျန်းပက်ကြသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့် မြေအကျယ်အဝန်းမှာ ဧရိယာ ၁ ဒသမ ၂၁၀ ရှိပြီး အလျားပေ၂၀ ၊ အနံပေ ၃၀ အရွယ်ရှိ အာစီတစ်ထပ် အဆောက် အအုံ အမျိုးအစားဖြစ်ကြောင်း၊ ဩဂုတ် ၁ ရက် မှ စတင်တည်ဆောက်မည်ဖြစ်ပြီး ခန့်မှန်း ကာလအနေဖြင့် တစ်လခွဲအတွင်း အပြီး ဆောင်ရွက်နိုင်ရေးနှင့် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၈၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းအောက်ဆီဂျင်စက်ရုံကို စက်တင် ဘာလကုန်တွင် အပြီးတပ်ဆင်တည်ဆောက် နိုင်မည်ဖြစ်ကြောင်း၊ တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၆၀ ထုတ်လုပ်ရရှိ နိုင်မည်ဖြစ်ကြောင်းနှင့် စက်ရုံတည်ဆောက်ပြီး ပါက ရရှိလာမည့် အောက်ဆီဂျင်အိုးများကို မြို့နယ်အတွင်းရှိ လိုအပ်သော လူနာများ အတွက် ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ် ကြောင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက် ရေးကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်မြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန် မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင် ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်း

**ပြည် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကု ဆေးရုံ ကြီးဝင်းအတွင်း၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က စက်ရုံတည်ဆောက်မည့်အခြေအနေ၊ ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက် နေမှုများအကြောင်းနှင့် စက်ရုံတည်ဆောက်ရန်အတွက် လှူဒါန်းမှုအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူ များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂) ဦးဌေးဝင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်လင်းဦးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

အဆိုပါစက်ရုံအတွက် ယခုလဒုတိယပတ်တွင် စက်ပစ္စည်းများ ရောက်ရှိမည်ဖြစ်ကြောင်းသိရပြီး စက်ရုံတည်ဆောက်ရာတွင် ခန့်မှန်း ငွေကျပ်သိန်း ၃၀၀ ခန့် ကုန်ကျမည့် အလျားပေ ၆၀ နှင့် အနံပေ ၃၀ ရှိ Steel Structure အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ရာ ယင်း အတွက် ပြည်မြို့နယ်မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင် ပြည်သူများက အလှူငွေများ ဆက်သွယ်လှူဒါန်းလျက်ရှိသည်။ ဩဂုတ် ၁ ရက်အထိ လှူဒါန်းမှုအပါအဝင် စုစုပေါင်းငွေကျပ် ၂၇၅ သိန်းကျော် လက်ခံရရှိပြီဖြစ်ကြောင်းနှင့် စေတနာရှင်ပြည်သူများ အနေဖြင့် စက်ရုံတည်ဆောက်ရေးအတွက် ကုသိုလ်ပြု ပါဝင်လှူဒါန်း လိုပါက ဦးဌေးဝင်း၊ အဖွဲ့ဝင်(၂) ဖုန်း- ၀၉- ၅၃၁၁၀၆၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း ခရိုင်နှင့် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတာဝန်ရှိသူများထံမှ သိရသည်။

**ကိုဆက်**

## အောင်မြေသာစံမြို့နယ်၌ အောက်ဆီဂျင်လိုအပ်သူ ပြည်သူများအတွက် လှူဒါန်း

**မန္တလေး ဩဂုတ် ၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် သီရိမာလာရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အောက်ဆီဂျင် လိုအပ်သူပြည်သူများ အတွက် အောက်ဆီဂျင်များ ဖြည့်တင်းလှူဒါန်းပေးခြင်းကို ယမန်နေ့က သီရိမာလာအရှေ့ရပ်ကွက် အရန်မီးသတ်စခန်း၌ ပြုလုပ်သည်။

အောက်ဆီဂျင်များ လှူဒါန်းရခြင်းမှာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဝင်းစိန် (ကွယ်လွန်)နှင့် ရပ်ကွက်အရန် မီးသတ် တပ်ဖွဲ့မှ တပ်ကြပ်ကြီး သန့်ဇင်(ခ) ဘိုချစ် (ကွယ်လွန်)တို့ကို ရည်စူး၍ ကျန်ရစ်သူမိသားစုများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အောက်ဆီဂျင် ၁၀ လီတာဆံ့ အိုးအလုံး ၃၀ တို့ကို ဖြည့်တင်းလှူဒါန်းပေးကြသည်။

အဆိုပါ အောက်ဆီဂျင်များလှူဒါန်းရာတွင် ကျန်းမာရေးဝန်ကြီး ဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရန်အတွက် သီရိမာလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးနှင့် ရာအိမ်မှူးများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဇော်လင်းဦး (အောင်စံ)**




**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ဗန်းမောက်မြို့နယ် ကနန်းဒေသစိတ်၌ မူးမြစ်ရေကြီးရေလျှံမှုကြောင့် ချောင်းကူးကြိုးတံတားပျက်စီး

**ဗန်းမောက် ဩဂုတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသစိတ်၌ မူးမြစ်ရေကြီးရေလျှံမှုကြောင့် မူးချောင်းကူးကြိုးတံတားမှာ ဩဂုတ် ၁ ရက်က ပျက်စီးခဲ့သည်။

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းနေသောကြောင့် တောင်ကျချောင်းရေများ မူးမြစ်အတွင်းသို့ တစ်ရှိန်ထိုးစီးဝင်လာပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မူးချောင်းကူးကြိုးတံတားမှာ နစ်မြုပ်သွားကာ အချို့နေရာများမှာ ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကနန်းဒေသစိတ်ရှိ မူးမြစ်ကမ်းနားတစ်လျှောက်တွင် နေထိုင်ကြသောကျေးရွာအချို့မှပြည်သူများမှာလည်း ရေကြီးမှုကြောင့် ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းနေရပြီး စားရေးသောက်ရေးများ အခက်အခဲဖြစ်ကာ အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။



မူးမြစ်ရေကြီးမှုကြောင့် ရေတိုက်စားပျက်စီးသွားသည့် ကြိုးတံတားကို တွေ့ရစဉ်။

"အခုဆိုရင် ဒီမူးချောင်းကူးကြိုးတံတားက တည်ဆောက်ပြီးစီးတာမကြာသေးဘူး၊ ဖွင့်ပွဲတောင်မလုပ်ရသေးဘူးဗျ။ ကျွန်တော်တို့ ကျေးရွာဒေသခံတွေက ဒီကြိုးတံတားကို အားထားပြီး တစ်ရွာနဲ့တစ်ရွာ ကူးသန်းသွားလာနေရတာပါ။ ရေထဲမျောပါသွားမှာစိုးလို့ ကျွန်တော်တို့ ဒေသခံတွေက ကြိုးတွေနဲ့ဆွဲထားနေရတယ်။ အခုဒီလို ပျက်စီးသွားတော့ အတော်လေး စိတ်မကောင်းဖြစ်ရပါတယ်" ဟု ပဲ့နင်းကျေးရွာနေသူ ဦးဌေးဝင်းက ပြောသည်။

ကနန်းဒေသစိတ် မူးတားကျေးရွာအုပ်စု အရှေ့ပဲ့နင်းကျေးရွာနှင့် အနောက်ပဲ့နင်းကျေးရွာတို့ ဆက်သွယ်ထားသော မူးချောင်းကူးကြိုးတံတားကို ကျေးလက်နေဒေသခံပြည်သူများ တစ်ရွာနှင့်တစ်ရွာ လူများ၊ ဆိုင်ကယ်များပါ ရာသီမရွေး သွားလာနိုင်ရန်အတွက် အရှည်ပေ ၁၅၀၊ အကျယ် ခုနစ်ပေ အမြင့်ပေ ၂၀ ရှိ ကြိုးတံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ၁၀၇ ဒသမ ၃၆၃ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးညိုကြီးက တာဝန်ယူကြီးကြပ်၍ ၁၆-၁၁-၂၀၂၀ က စတင်တည်ဆောက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဧပြီလဒုတိယပတ်က ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

# မြို့သစ်မြို့ ပတ်ချောင်းတံတားပြုပြင်ပြီးစီးသွားပြီဖြစ်၍ ကားများ ဖြတ်သန်းသွားလာနိုင်ပြီ

**မြို့သစ် ဩဂုတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့ စေတီကျေးရွာအနီးရှိ ပတ်ချောင်းတံတားသည် ပြုပြင်ပြီးစီးသွားပြီဖြစ်၍ ခရီးသည်တင်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါ ပတ်ချောင်းတံတားအမှတ် (၃/၄၂) သည် ဇူလိုင်လနောက်ဆုံးပတ်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချဉ်းကပ်လမ်းမြေသားနံရံရေတိုက်စားပြီး ပြိုကျကာ တံတားကျိုးကျခဲ့ခြင်းဖြစ်သည်။



ပတ်ချောင်းတံတားက"တမူး-စေတီကားလမ်း မိုင်တိုင်အမှတ် (၄၁/၅)နဲ့ (၄၁/၆) ကြားမှာရှိပြီး အရှည် ၅၂ ပေ၊ အကျယ် ၁၂ ပေခွဲရှိတဲ့ ဘေလီသစ်သားတံတားဖြစ်ပါတယ်၊ တံတားပြီးစီးသွားပြီဖြစ်လို့ ကားတွေ ဖြတ်သန်းသွားလာလို့ ရပါပြီ" ဟု လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါတံတားသည် တမူးခရိုင် မြို့သစ်မြို့ စေတီကျေးရွာအနီးတွင်ရှိကာ တမူးမြို့နယ်မှ တစ်ဆင့် ကဘော်ချိုင့်ဝှမ်းဒေသအထက်ပိုင်း ကျေးရွာများနှင့် ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်သွားလာရာတွင် အထောက်အကူပြုသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# တွံတေး-ကော့မှူး-ကွမ်းခြံကုန်းလမ်းပေါ်ရှိ တလုတ္တော်တံတားအား အဆင့်မြှင့်တင်တည်ဆောက်

**ရန်ကုန် ဩဂုတ် ၂**
ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး (တွံတေး-ဒလကားလမ်းမဟောင်းပေါ်) တွံတေး-ကော့မှူး-ကွမ်းခြံကုန်းလမ်းပေါ်ရှိ (၂/၆-၃/၀)မိုင်အတွင်းရှိ တံတားအမှတ်(၃/၃)တလုတ္တော်တံတားကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ငွေကျပ် ၄၇၆ ဒသမ ၃၈၁ သန်း ကုန်ကျ**

အဆိုပါတံတားသည် ယခင်က အရှည်ပေ ၆၀ နှင့် အကျယ် ၁၆ ပေရှိပြီးပြန်လည်အဆင့်မြှင့် တည်ဆောက်မည့်တံတား၏ အရှည်သည် ပေ ၈၀ နှင့် အကျယ် ၃၁ ပေ ရှိ အာစီကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုအတွက် ကုန်ကျငွေကျပ် ၄၇၆ ဒသမ ၃၈၁ သန်း ကုန်ကျကြောင်း သိရသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းကို ယခုနှစ် ဧပြီ ၁ ရက်က စတင်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပြီး တလုတ္တော်တံတားကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# ဖောင်းပြင်မြို့နယ်တွင် ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာချင်းဆက်တံတား ၁၀ စင်းပျက်စီး

**ဖောင်းပြင် ဩဂုတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန်းမခွင်ချောင်းနှင့် ခြသေ့်ချောင်းတို့တွင် ဩဂုတ် ၁ ရက်က ရေအလုံးအရင်းကြီးမြင့်ခဲ့ရာ ချောင်းတစ်လျှောက်ရှိ ကျေးရွာချင်းဆက်တံတား ၁၀ စင်း ပျက်စီးပြီး ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးသီးနှံများ ရေနစ်ဆုံးရှုံးမှုရှိမရှိ စိစစ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နန်းမခွင်ချောင်းတစ်လျှောက်ရှိ ကျော်ရွာကျေးရွာနှင့် ဗျူဟာလမ်းမကြီးသို့ဆက်သွယ်ထားသော သစ်သားတံတားအရှည် ပေ ၁၇၀၊ အကျယ် ၁၂ ပေမှာ အရှည် ၇၂ ပေခန့် ကျိုးပြတ်မျောပါခြင်း၊ မှန်ပင်-အောင်မြင်ငြိမ်ကျေးရွာချင်းဆက် သစ်သားတံတားအရှည်ပေ ၃၀၀၊ အကျယ် ၁၄ ပေမှာ အရှည်ပေ ၈၀ ခန့် ကျိုးပြတ်မျောပါခြင်း၊ ညောင်ပင်သာ-ကလပ်ဝကျေးရွာချင်းဆက် သစ်သားတံတား အရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေမှာ တံတားတစ်စင်းလုံး မျောပါခြင်း၊ ချောင်းခွ- မန်လီ ကျေးရွာချင်းဆက် သစ်သားတံတား အရှည်ပေ ၂၁၀၊ အကျယ် ၁၀ ပေမှာ တံတားတစ်စင်းလုံး မျောပါခြင်း၊ ကုန်းအောက်တောင်း- ရွှေညောင်ပင်ကျေးရွာချင်းဆက် သစ်သားတံတားအရှည် ပေ ၂၅၀၊ အကျယ် ၁၂ ပေမှာ အရှည် ပေ ၁၀၀ ခန့် ကျိုးပြတ်မျောပါခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ ခြသေ့်ချောင်းတစ်လျှောက်ရှိလယ်ဦး-ခမိုင်းကျေးရွာချင်းဆက် သစ်သားတံတား အရှည်ပေ ၁၅၀၊ အကျယ် ၁၀ ပေမှာ တံတားတစ်စင်းလုံး မျောပါခြင်း၊ နောင်မနား- ဘုရားတစ်ဆူကျေးရွာချင်းဆက် ကြိုးတံတားအရှည်ပေ ၁၅၀၊ အကျယ် ၁၅ ပေမှာ တံတားတစ်စင်းလုံး မျောပါခြင်း၊ နောင်မနား- တောင်ကုန်းသာ ကျေးရွာချင်းဆက်ကြိုးတံတား အရှည်ပေ ၂၅၀ ၊ အကျယ် ၁၅ ပေမှာ ရေတိုက်စားမှုကြောင့် ယိမ်းယိုင်သွားခြင်း၊ ရွာတန်းရှည်- ကြာအင်းကျေးရွာချင်းဆက် ကြိုးတံတား အရှည် ပေ ၂၆၀၊ အကျယ် ၁၈ ပေမှာ တံတားတစ်စင်းလုံး မျောပါခြင်းနှင့် နောင်စကန် - မြင်သာကျေးရွာချင်းဆက် သစ်သားတံတားအရှည် ၂၀၈ ပေ၊ အကျယ် ၁၄ ပေမှာ တံတားအလယ်ပိုင်း ယိမ်းယိုင်သွားကြောင်း သိရသည်။



ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် တံတားတစ်စင်းကို တွေ့ရစဉ်။

အဆိုပါတံတားများ ပျက်စီးမှုကြောင့် တံတားများကို အသုံးပြုသွားလာနေကြသည့် ပြည်သူများ အနေဖြင့် သွားလာရေးအဆင်မပြေမှုများ ဖြစ်ပေါ်နေပြီး လတ်တလောသွားလာရေး အဆင်ပြေစေရန်အတွက် ယာယီတံတားများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ကိုထွန်း**

(ပြန်/ဆက်)

# ဆေးထိုးထားတော့ ရောဂါကူးစက်မှုနှုန်းတွေ အများကြီးကျသွားနိုင်တယ်။ အဲဒါကြောင့် ပြည်သူအားလုံးကို ကာကွယ်ဆေး ထိုးနှံစေချင်ပါတယ်

ဦးသန်းထွေး

တွေ့ဆုံမေးမြန်း- ဟန်ဂျိုင်း၊ ဓာတ်ပုံ- ကိုသန်း


အရှင်သောပါက


ဦးရဲမြတ်သိန်း


ဒေါက်တာ ဝေယံအောင်


ဦးမောင်မောင်


ဦးတင်အောင်လှ


ဒေါ်သိန်းသိန်း

နေပြည်တော် ဩဂုတ် ၂

**နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ၈ မြို့နယ်ရှိ အသက် ၆၅ နှစ်နှင့်အထက် ရှိသူများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေးမထိုးရသေးသော နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်/ မိုတယ်/ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ စူပါမားကတ်များ/ ဈေးများမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ယင်းသို့ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို ကြီးကြပ်ပေးနေသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဆေးလာရောက်ထိုးနှံကြသူများ၏ ပြောကြားချက်များကို တင်ပြလိုက်ပါသည်။**

**ဦးရဲမြတ်သိန်း (ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူး)**

ဆေးထိုးနှံဖို့ အစီအစဉ်ကို သိသိချင်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ဆေးထိုးနှံမယ့် စာရင်းကောက်တယ်။ စာရင်းကောက်ရင်းပဲ ဆေးထိုးမယ့် နေ့ရက်ကို တစ်ခါတည်း ကြေညာပေးတယ်။ အလားတူ ရပ်ကွက်၊ ကျေးရွာတွေကတစ်ဆင့် ရာအိမ်မှူးတွေ၊ ဆယ်အိမ်မှူးအလိုက် တောက်လျှောက် ကြေညာပေးပါတယ်။ နေပြည်တော်ကောင်စီ Facebook Page အပြင် ခရိုင်တို့ မြို့နယ်တွေမှာလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် Facebook Page တွေ ဖွင့်ပြီး ကြေညာပေးထားပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ လူဦးရေ ၁၂၀၀ လောက် ထိုးနှံပေးဖို့ ရည်ရွယ်ထားပါတယ်၊ ယခုလက်ရှိ ကိုဗစ်ရောဂါဟာ ပြင်းထန်ဝေဒနာခံစားရတဲ့ ရောဂါဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ရောဂါကာကွယ်ဆေးကို နိုင်ငံတော်ကထိုးနှံပေးနေချိန်မှာ လာရောက်ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ ထပ်မံ ဆေးရရှိမှု အပေါ်မူတည်ပြီး ဦးစားပေးအုပ်စုတွေ အလိုက် ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

ကိုဗစ်ကာကွယ်ဆေး ထိုးနှံမယ့် အစီအစဉ်က ဦးတည်အုပ်စု (၆)အုပ်စု ရှိပါတယ်။ အသက် ၆၅ နှစ်နဲ့အထက် ရှိတယ်၊ ရဟန်းသံဃာ၊ သီလရှင်တွေ ရှိတယ်၊ ဘာသာရေးအဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ဘိုးဘွားရိပ်သာတွေမှာရှိတဲ့ သက်ကြီးရွယ်အိုတွေနဲ့ ဝန်ထမ်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ ရှိပါတယ်။ အဲဒီ ၆ အုပ်စုကို ဦးစားပေး ထိုးနှံနေပါတယ်။ ဩဂုတ် ၁ ရက်နေ့ကနေ ၄ ရက်နေ့အထိ ထိုးနှံပေးမှာပါ။ နေ့စဉ် မနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ ထိုးနှံပေးနေပါတယ်။ ဆေးထိုးတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး ၆ ပေအကွာအဝေး ဖြစ်အောင်တန်းစီတယ်၊ ပြီးရင် ကြက်ခြေနီတပ်ဖွဲ့တွေ၊ မီးသတ်တပ်ဖွဲ့တွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့တွေ၊ ရပ်ကွက်၊ ကျေးရွာအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စနစ်တကျ ဆေးထိုးနှံပေးပါတယ်။ ဆေးမထိုးမီနဲ့၊ ဆေးထိုးပြီးရင်လည်း နားနေလို့ရအောင် နေရာတွေ စီစဉ်ထားပါတယ်။ စနစ်တကျရှိဖို့ အမြဲတမ်းစောင့်ကြည့်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။

**ဒေါက်တာ ဝေယံအောင် (ဆေးရုံအုပ်၊ ဇေယျာသီရိမြို့နယ် ခုတင်-၅၀ ဆေးရုံ)**

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံပေးနေခြင်း ဖြစ်ပါတယ်။ Sinopharm ကာကွယ်ဆေးက ကိုဗစ်-၁၉ ရောဂါကို ၇၀ ရာခိုင်နှုန်းနဲ့ ၈၀ ရာခိုင်နှုန်းကြား ကာကွယ်ပေးနိုင်ပါတယ်။ အသက် ၆၅ နှစ်နဲ့ အထက်ပြည်သူတွေကို Sinopharm ကာကွယ်ဆေးထိုးတာ ဘေးထွက်ဆိုးကျိုးမတွေ့ရဘူး။ ခုဆေးကို တစ်နေ့ကို ပြည်သူ ၄၀၀နှုန်းနဲ့ ၃ ရက် ၁၂၀၀ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ အခုချိန်မှာတော့ ကိုဗစ်ကာကွယ်ဆေးကို လူတိုင်းထိုးသင့်ပါတယ်၊ ဆေးထိုးနှံရာမှာလည်း ကိုဗစ်စည်းမျဉ်းစည်းကမ်းနဲ့အညီ နှာခေါင်းစည်း တပ်လာမယ်၊ Face Shield တပ်လာမယ်၊ လူစုလူဝေး မဖြစ်အောင် ၆ ပေ အကွာနေမယ်၊ ဆေးထိုးတဲ့နေရာမှာ ကိုဗစ်ကူးစက်မှု မဖြစ်အောင် ကျန်းမာရေးဌာနက စနစ်တကျ စီစဉ်ထားပါတယ်၊ ဒီအချိန်မှာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ လိုက်နာရမယ့် အချက်အလက်တွေကိုတော့ ပြည်သူတွေအားလုံး လိုက်နာစေချင်ပါတယ်၊ ဒါမှပဲ ကိုဗစ်ရောဂါကူးစက်မှုဘေးကနေ ကင်းဝေးကြမှာပါလို့ အကြံပြု ပြောကြားချင်ပါတယ်။

**ဦးသန်းထွေး (ဆင်ဖြူရှင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်)**

အသက် ၆၅ နှစ်နဲ့အထက် ကိုဗစ်ကာကွယ်ဆေး ထိုးပေးမယ်ဆိုတဲ့ သတင်းကို သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကနေ ကြေညာပါတယ်။ ဆေးထိုးပေးမယ့်နေ့ကို မြန်မာ့အလင်းသတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကလည်း ကြေညာပေးပါတယ်။ ဆေးမထိုးခင်မှာ သွေးပေါင်ချိန်တိုင်းတာတာတွေ၊ အောက်ဆီဂျင် တိုင်းတာတွေလုပ်ပေးပြီးမှ ဆေးထိုးပေးပါတယ်။ ကျွန်တော့်မှာက ရင်ကျပ်ရောဂါရှိတော့ စိုးရိမ်တာပေါ့။ ဒါပေမယ့် စိုးရိမ်စရာမရှိဘူး ကာကွယ်ဆေးထိုးလို့ရတယ် ပြောတယ်။ အရင်တစ်ကြိမ် ကာကွယ်ဆေးထိုးပေးတုန်းက ရင်ကျပ်နေတဲ့အချိန်နဲ့ကြုံလို့ မထိုးခဲ့ရဘူး။ ဒီတစ်ကြိမ်တော့ ရအောင်ထိုးမယ်ဆိုပြီးတော့ လာထိုးတာပါ။ ကာကွယ်ဆေး ထိုးခွင့်ရတော့ ဝမ်းသာသွားတယ်။ ခုလိုမျိုးရောဂါတွေ ဖြစ်ပွားနေချိန်မှာ ရာခိုင်နှုန်းအပြည့် မကာကွယ်နိုင်ရင်တောင် အပြင်းအထန် မခံစားရတော့ဘူးပေါ့။ အသက်အရွယ်ကြီးတဲ့ ပြည်သူတွေ ကိုဗစ်-၁၉ ကူးစက်ခံရရင် များသောအားဖြင့် အသက်ဆုံးရှုံးမှုများပါတယ်၊ ကာကွယ်ဆေး ထိုးထားတော့ အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံသားအားလုံးက ကာကွယ်ဆေးထိုး ထားသင့်ပါတယ်။ ဆေးထိုးထားတော့ ရောဂါကူးစက်မှုနှုန်းတွေ အများကြီး ကျသွားနိုင်တယ်။ အဲဒါကြောင့် ပြည်သူအားလုံးကို ကာကွယ်ဆေး ထိုးနှံစေချင်ပါတယ်။

**အရှင်သောပါက (မူလေးပင်ရွာဦးကျောင်းတိုက်၊ မင်းကုန်းအုပ်စု၊ ဥတ္တရသီရိမြို့နယ်)**

ကာကွယ်ဆေးထိုးတာက ခုခံအားတွေ ကောင်းလာမယ်လို့ ယုံကြည်လို့ လာထိုးဖြစ်တာပါ။ ကိုဗစ်-၁၉ ရောဂါက ကူးစက်နှုန်းမြန်တယ်၊ အသေမြန်တယ်၊ ပြီးတော့ ရောဂါပိုးက ချောင်းဆိုး၊ နှာချေရင် လေထုထဲ ပျံ့နှံ့နိုင်တယ်လို့ ဘုန်းဘုန်းတို့ သိထားပါတယ်။ ဘုန်းဘုန်းတို့က လူသူထူထပ်တဲ့ နေရာတွေကို ဆွမ်းခံကြွရတော့ ကာကွယ်ဆေးထိုးထားမှ သင့်တော်မယ်လို့ ယုံကြည်တယ်။ ရောဂါကာကွယ်နိုင်အောင် အပြင်မထွက်ဘဲတော့နေတယ်။ အပြင်ထွက်ရင် အတတ်နိုင်ဆုံး Mask တပ်တယ်။ ဘာကြောင့်လဲဆိုရင် ကိုယ့်မှာကူးလာရင် အားလုံးအတွက် မကောင်းဘူး။ ဘုန်းဘုန်းတို့က ဗုဒ္ဓဘာသာဆိုတော့ ခုအချိန်မှာ တရားဘာဝနာအားထုတ်သင့်တယ်၊ ပရိတ်တရားတော်တွေ ကိုယ်တိုင်ရွတ်ဖတ်သင့်တယ်။ တီဗွီ၊ ရေဒီယိုတွေကလာတဲ့ ပရိတ်တရားတော်တွေကိုလည်း နာကြားသင့်တယ်။ မိမိတို့ကိုယ်တိုင်ကပဲ ကာကွယ်ကြပါလို့ အကြံပြုပါတယ်။

**ဦးမောင်မောင် (ဇီးကုန်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်)**

အသက် ၆၅ နှစ် နဲ့အထက် သက်ကြီးရွယ်အိုတွေ ကိုဗစ်ကာကွယ်ဆေး ထိုးရမှာကို ကျေးရွာအုပ်ချုပ်ရေးမှူးက အမှတ် (၃) ကျောင်းမှာ သွားထိုးရမယ်လို့ ကြေညာပေးလို့ သိတာပါ။ ကိုဗစ်-၁၉ ရောဂါက အခုတတိယလှိုင်းမှာ ပိုဆိုးတယ်။ တီဗွီ၊ ရေဒီယို၊ လူမှုမီဒီယာတွေက တစ်ဆင့်သိရတယ်။ ဆေးထိုးရမယ်ဆိုတော့ ကျန်းမာရေးက ကောင်းတော့မှာပဲဆိုပြီး စိတ်ထဲ ဝမ်းသာသွားတာပေါ့။ ပထမအကြိမ်က ဗိုက်ခွဲထားတော့ မထိုးလိုက်ရဘူး။ ဆေးထိုးရမယ်ဆိုပြီး ဇီးကုန်းကျေးရွာကနေ ပျဉ်းမနားမြို့ကို နာရီဝက် ဆိုင်ကယ်နဲ့ လာခဲ့တယ်။ သာမန်ပြည်သူတွေ ငွေနဲ့ဝယ်ပြီး ထိုးနှံလို့မရတဲ့ ကိုဗစ်ကာကွယ်ဆေးကို နိုင်ငံတော်က အခုလို အခမဲ့ထိုးနှံပေးတဲ့အတွက် ကျေးဇူးတင်တယ်။

**ဦးတင်အောင်လှ (ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့)**

အစောပိုင်း ကာကွယ်ဆေးထိုးပေးနေတဲ့အချိန်က အကြောင်းအမျိုးမျိုးကြောင့် မထိုးလိုက်ရဘူး။ အခုရောဂါက ပြင်းထန်လာတဲ့အတွက် လာပြီးထိုးဖြစ်တာပါ။ ဆေးထိုးပြီးပြီဆိုတော့ ထိုက်သင့်အားလျော်စွာ စိတ်လုံခြုံမှု ရှိလာတယ်။ ကာကွယ်ဆေးထိုးတာက ကြိုတင်ကာကွယ်တဲ့ သဘောပဲ။ ကိုဗစ်-၁၉က ကူးစက်မှု မြန်တယ်။ အသက် ၆၀ ကျော်တွေ ကူးစက်ခံရရင် အသက်ဆုံးရှုံးမှုတွေ များကြတယ်။ အခုနောက်ပိုင်းဆိုရင် လူငယ်တွေ၊ လူလတ်ပိုင်းတွေပါ ကူးစက်ခံရရင်လည်း အသက်ဆုံးရှုံးမှုတွေ ရှိလာတယ်။ ကာကွယ်ဆေးက မဖြစ်မနေထိုးမှရမယ်။ ဆေးမထိုးရသေးတဲ့ သက်ကြီးရွယ်အိုတွေကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ရင် အကောင်းဆုံးပါပဲ။

တချို့ သက်ကြီးရွယ်အိုတွေက သွားရလာရခက်တယ်၊ ကျွန်တော့် အမျိုးသမီးဆိုရင် လေဖြတ်နေပြီး သွားလာဖို့ အခက်အခဲရှိတဲ့အတွက် ဆေးလာထိုးလို့မရဘူး။ သွားလာရခက်ခဲတဲ့ သက်ကြီးရွယ်အိုတွေကို သူနာပြုတွေ၊ ဆရာဝန်တွေက အိမ်တွေအထိ လိုက်လံပြီး ကာကွယ်ဆေး ထိုးနှံပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။

အခုချိန်မှာ Mask တပ်ရုံနဲ့ မဖြစ်တော့ဘူး။ အခြေအနေက ဆိုးလာတော့ အနေအထိုင်၊ အသွားအလာ၊ အပြောအဆို၊ အကွာအဝေး စတာတွေကို သတိထားပြီး နေထိုင်လုပ်ကိုင်ရမယ်။ ရောဂါကူးစက်မှုများတာက လူတွေရဲ့ ကျန်းမာရေးအသိ အားနည်းတာတွေကြောင့်လည်း ပါတယ်။ ကျန်းမာရေးအသိရှိပေမယ့် လိုက်နာနိုင်မှု အားနည်းတာတွေလည်း ရှိတယ်။ ဘဝမှာ အရေးအကြီးဆုံးက ကျန်းမာရေးပဲ။ ကျန်းမာမှ ကျန်တာ လုပ်ချင်တာ လုပ်လို့ရမယ်။ မကျန်းမာရင် ဘာမှမလုပ်နိုင်ဘူး။ လူပိုဖြစ်ပြီး ကျန်တဲ့ မိသားစုဝင်တွေ၊ ပတ်ဝန်းကျင်လည်း ဒုက္ခရောက်ရတယ်။ ဘယ်အစိုးရပဲ တက်တက် ကျန်းမာရေးကို အဓိကဦးစားပေးပြီး စေတနာထား လုပ်ပေးစေချင်တယ်။ ကျန်းမာရေးဝန်ထမ်း အင်အားလည်း နည်းနေတယ်လို့ သိရတယ်။ ဝန်ထမ်းအင်အား ပြန်ပြည့်လာရင် ရောဂါကာကွယ်ရေးအတွက် ပိုထိရောက်အောင် လုပ်ဆောင်နိုင်မယ်လို့ ယူဆပါတယ်။

*စာမျက်နှာ ၂၅ သို့*

# တိုကျိုတွင် အရေးပေါ် အခြေအနေကြေညာထားသော်လည်း ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်

ကေကေစိုး




တိုကျိုတွင် ဇူလိုင် ၂၈ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ ယင်းအရေအတွက်မှာ နေ့စဉ်ကူးစက်မှုများတွင် အများဆုံးပင်ဖြစ်သည်။

**ဆက်လက်များပြားဆဲ**

တိုကျိုမြို့တွင် အရေးပေါ်အခြေအနေ ကြေညာထားသည်မှာ လေးကြိမ်မြောက်ဖြစ်သော်လည်း ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်သည်။ တိုကျိုမြို့နှင့် အနီးတစ်ဝိုက်ရှိ အိမ်နီးချင်းဒေသများတွင်လည်း ကူးစက်မှုများမှာ များပြားနေဆဲဖြစ်သည်။ ယင်းကဲ့သို့ နောက်ထပ်ကူးစက်မှုများ များပြားနေသည့်အတွက် ကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိသည်။

ဇူလိုင် ၂၈ ရက်တွင် တိုကျို၌ နောက်ထပ်ကူးစက်ခံရသူ ၃၁၇၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ကူးစက်မှုစံချိန်တင်များပြားနေသည်မှာနှစ်ရက်ဆက်တိုက် ရှိသွားပြီဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့ နေ့စဉ်ကူးစက်မှုမှာ ၉၅၀၀ ရှိပြီး ယင်းအရေအတွက်မှာ ကပ်ရောဂါစတင်သည့်အချိန်မှစ၍ အများဆုံးပမာဏပင်ဖြစ်သည်။

**အစီအစဉ်ရှိ**

တိုကျိုနှင့်အိမ်နီးနားချင်းခရိုင်များတွင်လည်း ကူးစက်မှုနှုန်းမှာ ဆက်လက်များပြားဆဲပင်ဖြစ်သည်။ကာနာဂါဝါ၊ ဆိုင်တမာ နှင့် ချီဘာခရိုင်တို့တွင်လည်း ဇူလိုင် ၂၈ ရက်တွင် ကူးစက်မှုများ စံချိန်တင်အောင် များပြားခဲ့သည်။ အဆိုပါဒေသများတွင် ကူးစက်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်အခြေအနေကြေညာရန်အတွက်လည်း ဗဟိုအစိုးရထံတောင်းခံသွားရန် အစီအစဉ်ရှိသည်ဟု သိရသည်။ တိုကျိုသို့ နေ့စဉ် အသွားအပြန်လုပ်ကာ ရုံးတက်နေကြသူများရှိသည့်အတွက် ကူးစက်မှုများ များပြားလာရခြင်းဖြစ်သည်ဟု ချီဘာခရိုင်ရှိ အာဏာပိုင်များက ပြောသည်။

**ဝေဖန်မှုများ များပြား**

အစိုးရ ၏ကိုဗစ် -၁၉ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တိုကျိုတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ တာတီဒါကာဇာဟီရိုက အိုလံပစ်အားကစားပွဲနှင့် နွေရာသီအားလပ်ရက် ကာလတို့ကြောင့်လည်း ကူးစက်မှုများ များလာနိုင်ကြောင်း၊ ယခုအချိန်သည် ကိုဗစ် -၁၉ စည်းကမ်းချက်များကို တင်းကျပ်ရမည့်ကာလဖြစ်သည်ဟုလည်း ပြောသည်။

ဂျပန်နိုင်ငံ ၏အရေးပေါ်အခြေအနေကြေညာမှုမှာ တခြားသောနိုင်ငံများတွင် ကျင့်သုံးပိတ်ဆို့ကန့်သတ်မှုများကဲ့သို့ မတင်းကျပ်ကြောင်းနှင့် ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် အကျိုးမဖြစ်ထွန်းကြောင်း ဝေဖန်မှုများ များပြားနေသည်။

**အပြင်ထွက်သည့် အရေအတွက်နည်းပါးလာ**

ယခုထုတ်ပြန်ထားသည့်အရေးပေါ်အခြေအနေ ကြေညာမှုမှာ ယခင်တစ်ကြိမ်ကလောက် ထိရောက်မှုမရှိဟုလည်း ကျန်းမာရေးဝန်ကြီးဌာနအဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲကမူ စည်းကမ်းချက်များတင်းကျပ်ထားသည့်အတွက် အပြင်ထွက်သည့် လူအရေအတွက်နည်းပါးလာကြောင်း လက်ရှိ ကူးစက်မှုများ များပြားလာခြင်းမှာ ကူးစက်မြန်ဒယ်လ်တာမိုင်းရပ်စ်ကြောင့်ဖြစ်ကြောင်း ပြောသည်။

**ပြဿနာတစ်ခုပင်ဖြစ်**

ကပ်ရောဂါထိန်းချုပ်နိုင်ရေးအတွက် ဒေသခံအစိုးရများနှင့် ပူးပေါင်းကာ လုပ်ဆောင်သွားမည်ဟုလည်း ပြောသည်။ ကာကွယ်ဆေးမထိုးရသေးသည့်လူငယ်များ များပြားနေခြင်းကလည်း ပြဿနာတစ်ခုပင်ဖြစ်သည်ဟု တိုကျိုအုပ်ချုပ်ရေးမှူး ကိုအီကီ ယူရီကိုက ပြောသည်။

အခြေခံမိုင်းရပ်စ် ကာကွယ်ရေးနည်းလမ်းများကို ပြည်သူများလိုက်နာရန်လည်းပြည်သူများကို ၎င်းက တိုက်တွန်းထားသည်။ မလိုအပ်ဘဲ အပြင်မထွက်ကြရန် ပြည်သူများကို တိုက်တွန်းထားသည်။

**ခက်ခဲလာ**

တိုကျိုတွင် ကူးစက်မှုများ များပြားလာသည့်အတွက် တိုကျို၏ကျန်းမာရေးစနစ်မှာ ထိခိုက်လာသည်။ တိုကျိုရှိ ဟီကီဖူနီဆေးရုံတွင် ယခုအခါ လူနာများနှင့် ပြည့်နှက်နေသည်။

သို့သော်လည်း လူနာများမှာ ဖျားနာသည့်အတွက် ဆေးရုံသို့လာရောက်နေကြဆဲပင်ဖြစ်သည်ဟု အဆိုပါဆေးရုံမှ မီရူရာကူနီဟီဆာကပြောသည်။ နွေရာသီကာလ အပူချိန်ပြင်းထန်မှုကြောင့် အပူလျှပ်ခြင်းနှင့် ကိုဗစ် -၁၉ ကူးစက်မှုကို ခွဲခြားရန် ခက်ခဲလာသည်။

**ဝန်ထုပ်ဝန်ပိုးများလာ**

အဖျားရောဂါဖြင့် ဆေးရုံရောက်လာသူအားလုံးကို ကိုဗစ် – ၁၉ သံသယဖြင့် ကုသပေးကြောင်း ၎င်းက ပြောသည်။ တိုကျိုအားကစားပြိုင်ပွဲကြောင့်လည်း ၎င်းတို့ဆေးရုံတွင် ဝန်ထုပ်ဝန်ပိုးများလာကြောင်း အားကစားပြိုင်ပွဲသို့ ဆေးဝန်ထမ်း ရှစ်ဦးပေးပို့ထားရကြောင်း ၎င်းက ဆက်ပြောသည်။

တိုကျိုတွင် အရေးပေါ်အခြေအနေကြေညာခြင်းကို ဇူလိုင် ၁၂ ရက်က စတင်ထုတ်ပြန်ခဲ့ရာ ယင်းသက်တမ်းကို တိုးချဲ့လိုက်သည့်အပြင် အိမ်နီးချင်းခရိုင်များကိုပါ အရေးပေါ်အခြေအနေကြေညာမှုကို ထည့်သွင်းခဲ့သည်ဟု သိရသည်။ အိမ်နီးချင်းခရိုင်များဖြစ်သည့် ဆိုင်တမာ၊ ကာနာဂါဝါ၊ ချီဘာနှင့် အိုဆာကာတို့ကိုပါ အရေးပေါ်အခြေအနေကြေညာမှုအောက် ထည့်သွင်းခဲ့သည်ဟုသိရသည်။

**နေအိမ်မှသာ အလုပ်လုပ်ရန်အားပေးထား**

ဗဟိုအစိုးရသည် အိုကီနာဝါအတွက် အရေးပေါ်အခြေအနေကြေညာခြင်းကို သက်တမ်းတိုးခဲ့ပြီးနောက် ဟော်ကိုင်းဒိုး၊ အီရှိကာဝါ၊ ကျိုတို၊ ဟယိုဂိုနှင့် ဖူကူအိုကာတို့တွင်လည်း မိုင်းရပ်စ်ကာကွယ်ဆေးလှုပ်ရှားမှုများကို တိုးမြှင့်ခဲ့သည်ဟု သိရသည်။ ဩဂုတ်လ ၂ ရက်မှ ၃၁ ရက် အထိ ယင်းကန့်သတ်ချက်များအောက်တွင် ထားရှိမည်ဟုလည်း သိရသည်။

တိုကျိုနှင့် အိုကီနာဝါတို့တွင် အရေးပေါ်အခြေအနေ ကြေညာမှုမှာ ဩဂုတ် ၂၂ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ တိုကျိုတွင် ထုတ်ပြန်ထားသည့်စည်းကမ်းများအရ ကုမ္ပဏီများတွင် နေ့စဉ်ရုံးတက်မှုကို ၇၀ ရာခိုင်နှုန်းအထိ လျှော့ချခိုင်းထားပြီး နေအိမ်မှသာ အလုပ်လုပ်ရန်ကို အားပေးထားသည်။

**အိမ်သို့ တန်းတန်းမတ်မတ်ပြန်ရမည်**

ရုံးတက်ရသည့်ဝန်ထမ်းများမှာ ည ၈ နာရီအထိသာ လုပ်ကိုင်ရမည်ဖြစ်ပြီး နေအိမ်သို့ တန်းတန်းမတ်မတ် ပြန်ရမည်ဖြစ်သည်။ အရက်ရောင်းချသည့် စားသောက်ဆိုင်များနှင့် ဘားများကို ပိတ်ခိုင်းထားသည်။

အရက်ရောင်းချခြင်းမပြုသည့် စားသောက်ဆိုင်များကိုမူ ည ၈ နာရီ မတိုင်မီအချိန်အထိ ရောင်းချခွင့်ပေးထားသည်။ ပန်းခြံများနှင့် လမ်းပေါ်တွင် အုပ်စုဖွဲ့ကာ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ရန်လည်း ပြည်သူများကိုတိုက်တွန်းထားသည်။

**ဒဏ်တပ်နိုင်**

လုပ်ငန်းခွင်အတွင်းစစ်ဆေးခြင်းကိုငြင်းဆန်သည့် လုပ်ငန်းရှင်များနှင့် အလုပ်ချိန်လျှော့ချခြင်းမရှိသည့်လုပ်ငန်းများကို ဒဏ်ငွေတပ်နိုင်သည်ဟုလည်း သိရသည်။

အရေးပေါ်အခြေအနေ ကြေညာထားသည့်နေရာများတွင် ယန်း ၃၀၀၀၀၀ အထိ ဒဏ်တပ်နိုင်သည်ဟု သိရသည်။

ကိုးကား –အင်န်အိတ်ချ်ကေ

**ကာနာဂါဝါ၊ ဆိုင်တမာနှင့် ချီဘာခရိုင်တို့တွင်လည်း ဇူလိုင် ၂၈ ရက်တွင် ကူးစက်မှုများ စံချိန်တင်အောင် များပြားခဲ့သည်။ အဆိုပါဒေသများတွင် ကူးစက်မှုများကိုထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်အခြေအနေကြေညာရန်အတွက်လည်း ဗဟိုအစိုးရထံ တောင်းခံသွားရန် အစီအစဉ်ရှိသည်**

# ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်တွင် ငွေကျပ်တစ်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီး မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံတန်ဖိုး ရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီခွဲတွင် သတင်းအရ တောင်ကြီး မြို့နယ် တောင်ကြီး – မိုင်းပျဉ်းသွား ကားလမ်း လွယ်တော် ကျေးရွာအုပ်စု ဇလဲကျေးရွာ အနီးတွင် TOYOTA WISH အမျိုးအစားမော်တော်ယာဉ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင် ထွက်ပြေးသဖြင့် ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ရှာဖွေသည့်နေရာနှင့် ကိုက် ၁၀၀ ခန့်အကွာတွင် အဆိုပါ ယာဉ်မှာ လမ်းဘေးမြောင်း အတွင်း ထိုးကျတိမ်းမှောက်သွားသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်မောင်း စိုင်းကျော်ဝင်း(၂၄ နှစ်) နှင့်အတူ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀ ဖမ်းဆီး ရမိခဲ့ကြောင်း၊ စစ်ဆေး ပေါ်ပေါက်ချက်အရ နံနက် ၁၁ နာရီခန့်တွင် စိတ်ကြွရူးသွပ် ဆေးပြားများ သယ်ဆောင်ခိုင်းသူ နန်းမြဦး(၂၅ နှစ်)အား တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ကုန်သည်လမ်း အိမ်အမှတ်(၂၁) တွင် ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန(ရုံးချုပ်)နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် Laptop Computer (၂၃၄၂)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃–၈–၂၀၂၁ရက်တွင် ဤဦးစီးဌာန အင်ဂျင်နီယာဌာနတွင် Online စနစ်ဖြင့် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂–၉–၂၀၂၁ရက် ညနေ ၄:၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန(ရုံးချုပ်)၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)အနီး၊ အုပ်ချုပ်မှု(၃)ထပ်ရုံး အဆောက်အအုံ၊ နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၆၇–၃၄၀၇၇၂၅၊ ၀၆၇–၃၄၀၇၇၂၆၊ ၀၉–၂၅၉၁၅၅၈၆၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန

## တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ဘူတာတိုက်တန်း၊ အခန်းအမှတ်(၁၈) နေ ဒေါ်မြတ်သန္တာထွန်းမှ လေဒီသန္တာ (Lady Thandar) တံဆိပ်အမည်အမှတ်အသားဖြင့် ဓာတုလျှော့ချ သဘာဝအလှကုန်လုပ်ငန်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြတ်သန္တာထွန်း၊၉/ပဥလ(နိုင်)၀၁၃၄၉၅
အခန်း(၁၈)၊ ဘူတာတိုက်တန်း၊ ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့

စာမျက်နှာ ၂၃ မှ

**ဒေါ်အေးအေးမြင့် (မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့)**

ကိုဗစ်ကာကွယ်ဆေးထိုးဖို့ ရပ်ကွက်ရုံးက အကြောင်းကြားလာပါတယ်။ အခု ကာကွယ်ဆေးထိုးပြီးပြီဆိုတော့ ကိုဗစ်ရောဂါ မကူးစက်နိုင်တော့ဘူးလို့ ထင်တာပဲ။ အသက် ၆၅ နှစ်ကျော်တွေက ကိုယ်ခံအားနည်းတယ်။ အဘွားတို့လို သက်ကြီးဘိုးဘွားတွေကို နိုင်ငံတော်က ဦးစားပေးအစီအစဉ်အနေနဲ့ ကာကွယ်ဆေးထိုးခွင့် ပေးတဲ့အတွက် ဝမ်းမြောက်ရပါတယ်။ ကိုဗစ်ရောဂါဖြစ်ရင် ဖျားမယ်၊ ကိုယ်လက်ကိုက်ခဲမယ်၊ ချောင်းဆိုးမယ်၊ အနံ့ပျောက်မယ် ဆိုပြီးသိထားပါတယ်။ သက်ကြီးပိုင်းရောက်လာတော့ စိုးရိမ်မှုတော့ ရှိတယ်။

**ဒေါ်သိန်းသိန်း (အုတ်ကျဉ်းရပ်ကွက်၊ ပျဉ်းမနားမြို့)**

အခုကာကွယ်ဆေးက ထိုးမှဖြစ်မယ်။ အခုက ဆေးထိုးပြီးပြီ ဆိုတဲ့ အသိစိတ်နဲ့ စိတ်ထဲမှာ တော်တော်လေးပေါ့သွားသလို စိတ်လည်းချမ်းသာသွားတယ်။ ဆေးမထိုးထားခင်တုန်းကနဲ့ စိတ်ခံစားမှုကွာတယ်။ ကျွန်မရဲ့ အမျိုးသားကတော့ ကာကွယ်ဆေး နှစ်ကြိမ်လုံး ထိုးပြီးသွားပြီ။ ဆေးထိုးပြီး အိပ်ကောင်းစားကောင်း နဲ့ဆိုတော့ သူ့ကိုအားကျပြီး ဆေးလာထိုးတာ။ ပထမတော့ မယုံကြည်လို့တော့မဟုတ်ဘူး၊ မထိုးဘူးဆိုပြီး နေလိုက်တာ။ အခုက ကိုဗစ်–၁၉ ရောဂါက ကူးစက်မှုတော်တော်များလာတော့ လာထိုးတာပါ။ ရပ်ကွက်ထဲမှာလည်း ကာကွယ်ဆေးမထိုးရဲတဲ့သူတွေ ရှိတယ်။ ကာကွယ်ဆေးထိုးတာ နာလည်းမနာပါဘူး။ ရောဂါအခံနဲ့ စစ်ဆေးမှုတွေလုပ်ပြီးတော့မှ ထိုးပေးတာဆိုတော့ အန္တရာယ်ကင်း တယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးဖို့ကို မကြောက်ကြပါနဲ့ ပြောချင်ပါတယ်။ ကျွန်မက ပတ်ဝန်းကျင်ကသူတွေအတွက် စိုးရိမ်တယ်။ ဒါကြောင့် ကာကွယ်ဆေးကို မဖြစ်မနေထိုးနှံကြပါလို့ တိုက်တွန်းလိုပါတယ်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂


ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

မိုး/ဇလ

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဦးမြတ်သန်း(လက်ပံတန်း)
## ဦးစီးအရာရှိ(ငြိမ်း)
## ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်နေ(ဦးငြိမ်း-ဒေါ်သိန်းသိန်း)တို့၏သား၊ (ဦးညွန့်-ဒေါ်လှရင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်စိန် (ဒု-ညွှန်မှူး၊ ငြိမ်း၊နတလ)၏ခင်ပွန်း ဦးမြတ်သန်းသည် ၃၀-၇-၂၀၂၂ရက် ည ၁၀:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၂ရက် နံနက်၁၀:၀၀နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ် ၊ ကျောင်းဒါယကာကြီး
## ဗိုလ်မှူးစန်းဝင်းလှိုင်(ငြိမ်း)
## ကြည်း-၁၆၈၂၃၊ OTS-၆၂
## အထွေထွေမန်နေဂျာ(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၆၅)နှစ်

မုံရွာမြို့၊ စစ်ပင်(ကင်းချောင်း)ရပ်ကွက်၊ ကုက္ကိုလ်တန်းလမ်း၊ အမှတ်(၄/၁၁၂)နေ ဒေါ်မိုးမိုးခိုင်၏ခင်ပွန်း၊ ဗိုလ်ကြီး စိုးမိုးအောင်-ဒေါက်တာ ချောစုစုမင်း(ကထိက၊ ဥပဒေပညာဌာန၊ လှိုင်ကော်တက္ကသိုလ်)၊ ဦးရဲမိုးလှိုင်(ဒုခရိုင်ဥပဒေအရာရှိ၊ စစ်ကိုင်းခရိုင်ဥပဒေရုံး)-ဒေါ်နေနွယ်သန့်(လ/ထ ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဗိုလ်ကောင်းထက်-ဒေါ်မေမိုးသူ(လ/ထ ကထိက၊ ဥပဒေပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဖခင်၊ မဇင်သံသာ၊ မရှင်းသန့်ဖြူတို့၏အဘိုးဗိုလ်မှူးစန်းဝင်းလှိုင်(ငြိမ်း)သည် ၁-၈-၂၀၂၂ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်သူရ
## တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်
## (အလုံ-၂) (၂၀၁၀-၂၀၁၅) ခုနှစ်
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၂၃(မြေညီထပ်)နေ (ဦးကျော်သောင်း)(ကထိက၊ ရေဇင်းတက္ကသိုလ်၊ငြိမ်း)-ဒေါ်တင်အေးမြင့်(တရားသူကြီး-ငြိမ်း)တို့၏သား၊ (ဦးဘဦး)(လ/ထ တိုင်းပညာရေးမှူး-ငြိမ်း)-ဒေါ်မြစု (အလယ်တန်းကျောင်းအုပ်-ငြိမ်း)တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်အေး၏ ချစ်လှစွာသောခင်ပွန်း၊ မမေမွန်မြတ်သူ၊ မောင်ဇာနည် ရဲနောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်သည် ၃၀-၇-၂၀၂၂ရက်(သောကြာနေ့) နံနက် ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းကြေကွဲစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာ ဇေယျာညွန့်(ခ) ဦးဇေယျာညွန့်ဝင်းမောင်
### အသက် (၄၈)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်ဝင်းမောင်-ဒေါ်ခင်မေတုတ်)တို့၏သားကြီး၊ရန်ကုန်မြို့နေ(ဗိုလ်မှူးကြီး ဘိုနီ)-ဒေါ်ယုယု အောင်တို့၏သားသမက်၊အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘို၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဥက္ကာညွန့်၊ မောင်ဘုန်းသစ်ညွန့်တို့၏ မွေးသဖခင် ကျေးဇူးရှင် ဒေါက်တာဇေယျာညွန့်(ခ) ဦးဇေယျာညွန့်ဝင်းမောင်သည် ၁-၈-၂၀၂၂ ရက် (တနင်္လာနေ့) ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေသန်းနွဲ့
### အသက်(၆၁)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ စံပယ်အိမ်ရာနေ ဦးဝင်းထွန်း၏ဇနီးဖြစ်သူ ဒေါ်မေသန်းနွဲ့သည် ၁-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေး
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၄)ရပ်ကွက်၊ ဗုဒ္ဓဟူးလမ်း၊ အမှတ် ၉၃နေ (ဦးခင်မြင့်၊ သွားဘက်ဆိုင်ရာ)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာခင်မောင်အေး-ဒေါက်တာနွဲ့နွဲ့ဝင်း(ရောင်နီဆေးဆိုင်-ရန်ကုန်)၊ ဒေါက်တာထိန်ဝင်း-ဒေါ်ခင်အေးလှိုင်(ရောင်နီဆေးဆိုင်-ခရမ်း)၊ ဒေါ်ခင်အေးမူ(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံ - ဖ ရုံး ၄၃)၊ ဦးအောင်ဆွေ (Manager-TMIT ဆိပ်ကမ်းသီလဝါ)-ဒေါ်ခင်စမ်းမြင့် (၈၂-Eco)၊ဒေါက်တာခင်မောင်နိုင်-ဒေါ်တင်ဇာမွန်လှိုင် (ရောင်နီသွားဆေးခန်း-ခရမ်း)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၁-၇-၂၀၂၂ ရက် (စနေနေ့) မွန်းလွဲ ၁:၅၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ည ၁၂ နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေး
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၄)ရပ်ကွက်၊ ဗုဒ္ဓဟူးလမ်း၊ အမှတ် ၉၃နေ ဒေါက်တာဝေဖြိုးသန့်(National Consultant– UNAIDS)၊ ကိုဟိန်းဝေနောင်(Project Manager– NIHC)-မအိအိငြိမ်းချမ်း(Brand Manager–Blazon Group)၊ ကိုကောင်းဆက်ဝေ (Legal Officer–A Bank)၊ ကိုဆန်နိုင်ထင်ဆားရ်-မလှဲ့ရည်ထွဏ်း၊ မဆွေမေကိုး၊ မဆွေရှုမဝ၊ မောင်ဝေဖြိုးဟန်၊ မောင်ဝေမိုးဟန် တို့၏ချစ်လှစွာသောအဘွား၊ မောင်ဘုန်းသစ်ထွန်း၊ Yolanda တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃၁-၇-၂၀၂၂ ရက် (စနေနေ့) မွန်းလွဲ ၁:၅၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ည ၁၂ နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၂)၊ သားဖွားမီးယပ်ပညာဌာနမှ အငြိမ်းစားကထိက ဒေါက်တာ ဒေါ်ဖြူဖြူညို အသက် (၇၂)နှစ်သည် ၁-၈-၂၀၂၂ ရက် (တနင်္လာနေ့)မွန်းလွဲ ၁:၄၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေသန်းနွဲ့
### အသက်(၆၁)နှစ်

